ဦးအုန်း - ဒေါက်တာသက်သတ်နွယ်

တိုင်းပြည်ထောင်စု သမိုင်းစာစဉ်

# ပြည်ထောင်စုသမိုင်းပုံပြင်များ

ပဉ္စမ စာစောင်


မဟာဝိဇ္ဇာဘွဲ့ရ - ဦးသိန်းဟန်
ရေးသည်

ပန်းချီ - ဦးနန်းဝေ



မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း

ပဌမနှိပ်ခြင်း၊ ၁၉၅၇ - ခု ဧပြီလ
ဒုတိယနှိပ်ခြင်း၊ ၁၉၆၀ - ခု ဇွန်လ
တတိယနှိပ်ခြင်း၊ [illegible] - ခု မတ်လ


စာပေဗိမာန် ပုံနှိပ်တိုက်၊ ၃၆၁ - ပြည်လမ်းတွင် ရိုက်နှိပ်၍
စာတည်းမှူး ဦးမြတ်စိုးက တာဝန်ခံထုတ်ဝေသည်။

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းမူပိုင်

## မာတိကာ


အမှာစာ ... ၅

၁။ သုဝဏ္ဏဘူမိ သထုံပြည် တည်ထောင်ခြင်း .... .... .... .... ၇
၂။ သုဝဏ္ဏဘူမိ သထုံပြည်သို့ ဂဝံပတိရဟန္တာလာ၍ သာသနာပြုခြင်း ၁၁
၃။ ဟံသာဝတီပြည်ကို တည်ထောင်ခြင်း .... ........ .... .... ၁၃
၄။ ဟံသာဝတီပြည်ကို ချစ်သော ကွမ်းအပ်သား မင်းသား .... .... ၁၇
၅။ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်လိုသော ဘဒ္ဒရဓေဝီ .... .... ၂၃
၆။ ဥက္ကလာပပြည်ကို တည်ထောင်ခြင်း .... .... .... .... ၂၇
၇။ ညောဝတီ စန္ဒာသူရိယမင်း .... .... .... .... .... .... ၂၉
၈။ ကရင်ခေါင်းဆောင် ထို့မဲပါ .... .... .... .... .... ၃၁
၉။ သုဝဏ္ဏဘူမိ သထုံပြည်သို့ ပိဋကတ်ပေစာ ရောက်လာခြင်း.... .... ၃၄
၁၀။ တကောင်းပြည်မှ သရေခေတ္တရာပြည်သို့ .... .... .... .... ၃၈
၁၁။ ဘဝင်မမြင့်သော တေပါးမင်း .... .... .... .... .... ၄၁
၁၂။ မိခင်ကိုမြတ်နိုးသော ရွှေရှက်ဝါ ရှမ်းမင်းသား .... .... .... ၄၄
၁၃။ မြမ္ဒုရီမင်း၏ သဘော်ဆိပ်မြို့ .... .... .... .... .... ၄၇
၁၄။ ကျောက်နီ နှင့် ကျောက်စိမ်း .... .... .... .... .... ၅၀
၁၅။ မြန်မာဥ နှင့် ချင်းဥ .... .... .... .... .... .... ၅၂
၁၆။ စုံစမ်းတတ်သော ကချင်လုလင်ပျိုခိုထွေး .... .... .... .... ၅၄
၁၇။ မတရားမှုကိုမကြိုက်၍ တိုက်ဖျက်လိုသော ပျူစောထီး .... .... ၅၇
၁၈။ ရက်စက်သော ရလေ ငခွေးမင်း .... .... .... .... .... ၆၀
၁၉။ ပြည်သူအများက ချစ်ခင်လိုလားသော ကြောင်းဖြူမင်း .... .... ၆၄
၂၀။ အနော်ရထာမင်း၏ သူရဲကောင်း လေးဦး .... .... .... .... ၆၈
လေ့ကျင့်ခန်းများ .... .... .... .... .... .... ၇၁



တကောင်း
မိုးကုတ်
ပုပ္ပားတောင်
သံလွင်မြစ်

## အမှာစာ

တို့ပြည်ထောင်စု သမိုင်းစာစဉ်တွင်၊ မူလတန်းများအတွက် "ပြည်ထောင်စုသမိုင်းပုံပြင်များ"ခေါ် စာစောင် နှစ်စောင်နှင့်၊ "ပြည်ထောင်စုသမိုင်း မှတ်တိုင်များ" ဟူ၍၊ စာစောင် သုံးစောင် ပါဝင်ပါသည်။ ထိုစာစောင် သုံးစောင်၏ ယေဘုယျရည်မှန်းချက်မှာ အတိတ်ခေတ်မှစ၍၊ မျက်မှောက်ခေတ်အထိ အလျဉ်မပြတ် ထင်ရှားစွာ စီးဆင်းခဲ့သော ပြည်ထောင်စု မြန်မာနိုင်ငံ၏ အဖြစ်အပျက်သမိုင်းအခြေခံကို အဆင့် သုံးဆင့်ထား၍ ပေးရန် ဖြစ်ပါသည်။

ဦးကုလား၏ မဟာရာဇဝင်၊ မှန်နန်းရာဇဝင်၊ ကုန်းဘောင်ဆက် မဟာရာဇဝင်တို့၌၎င်း၊ အရေးတော်ပုံများ၌၎င်း၊ ဘုရားသမိုင်း၊ မြို့သမိုင်းစသော သမိုင်းဟောင်းများ၌၎င်း၊ ချေင်းမော်ကွန်းတို့၌၎င်း၊ နှောင်းခေတ်ရေး မြန်မာနိုင်ငံသမိုင်းများ၌၎င်း၊ ကျောက်စာများ၌၎င်း၊ နိုင်ငံခြားသားတို့၏ မှတ်တမ်းများ၌၎င်း၊ သုတေသန ဆောင်းပါးများ၌၎င်း၊ မြောက်မြားလှစွာသော သမိုင်းအကြောင်းအချက်တို့သည် ရှိလေသည်။ သို့ရာတွင် မူလတန်းတပည့်များအား သမိုင်းအခြေခံကို ပေးရာတွင် တပည့်များ နှစ်သက် နားလည်နိုင်မည်လည်း ဖြစ်၍ လွတ်လပ်သော ပြည်ထောင်စု နိုင်ငံချစ် စိတ်ဓာတ်မျိုး မွေးမြူနိုင်မည်လည်း ဖြစ်သော သမိုင်း အကြောင်း အချက်တို့ကိုသာလျှင် ရွေးချယ်ဘို့ လိုသည်ဟုယူဆ၍ ထိုယူဆချက်အတိုင်း ဆင်ခြင် ညှိနှိုင်းလျက် ရွေးချယ်ထားပါသည်။

ပြည်ထောင်စု သမိုင်းပုံပြင်များခေါ် ဤပဌမစာစောင်တွင် ခေတ်ဦးခေတ်များ အခါမှ ပုဂံခေတ် အနော်ရထာမင်း လက်ထက်အထိ ပေါ်ထွန်းကျော်ကြားခဲ့သော မြို့ပြပြည်ရွာများကို၎င်း၊ လူမျိုးစုများကို၎င်း၊ ယဉ်ကျေးမှုရောက်လာပုံ

ကိုရင်း၊ မင်းနှင့်တကွ ပြည်သူပြည်သားတို့၏ အကျိုးအပြစ် အမှုအရာများကို ငင်း ပဓာနထား၍ သက်ဆိုင်ရာ သမိုင်း အစဉ်အလာများနှင့် လူကြီးသူမတို့၏ အမှတ်အသားများတို့ကို ရွေးထည့်ထားပါသည်။ ရေးပြရာ၌လည်း မူလတန်း တပည့်များ နားဝင်နှစ်ခြိုက်အောင် အားထုတ် ရေးသားထားပါသည်။

ထို့ပြင် သမိုင်းပညာကိုလည်းရ၍ နှစ်သက်ခြင်းလည်း ဖြစ်စေနိုင်မည့် ရုပ်ပုံများကိုလည်း ထည့်ထားပါသည်။ ရုပ်ပုံများသည် ရှေးခေတ်နှင့် ပုဂံခေတ် မူများကို လေ့လာအခြေခံ၍ရေးသော ရုပ်ပုံများဖြစ်သည်။ ဖတ်ပြီးသမျှတို့ကို ပြန်လည်မှတ်မိစိမ့်သောငှါ၊ အရေးကြီးသော လေ့ကျင့်ခန်းများကိုလည်း ပေးထားပါသည်။ သို့ရာတွင် ဆရာများကလည်း ဤစာစောင်၏ ရည်ရွယ်ချက်များကို တပည့်များ နားလည်လာအောင် မေးခွန်းသစ်များကို ထုတ်ပေးပါဟု မေတ္တာရပ်ခံလိုပါသည်။

# ၁။ သုဝဏ္ဏဘူမိ သထုံပြည်ကို တည်ထောင်ခြင်း

ရှေးသရောအခါ ယခုခေတ်သထုံမြို့တည်ရာဒေသတွင် သုဘိန္နနဂရပြည်ဟူ၍ ရှိလေသည်။ ထိုပြည်၌ တိဿရာဇာ အမည်ရှိသော မင်းသည် နန်းစံလျက် ရှိလေသည်။ ထိုမင်း၌ သားတော် နှစ်ပါးရှိလေသည်။ သားတော် အကြီးသည် တိဿကုမာရဖြစ်၍၊ သားတော် အငယ်သည် သီဟ ကုမာရဖြစ်လေသည်။ ထိုမင်းသား နှစ်ပါးသည် အလွန် ချစ်ခင်မြတ်နိုးကြသော ညီနောင် ဖြစ်လေသည်။

အရွယ်ရောက်လတ်သော် နောင်တော်တိဿကုမာရသည်ညီတော် သီဟကုမာရကို ခေါ်၍ ငါသည် ထီးမွေနန်းမွေကို မဆက်ခံလို။ ရသေ့ရဟန်းပြု၍ တောတောင်၌ ပျော်မွေ့လို၏ဟု ဆိုလေသည်။ ထိုအခါ ညီတော် သီဟကုမာရက၊ညီတော်လည်း ထီးမွေ နန်းမွေကို မဆက်ခံလိုပါ။ နောင်တော်ကဲ့သို့ပင် ရသေ့ရဟန်းပြု၍ တောတောင်၌ ပျော်မွေ့လိုပါ၏ ဟု ဆိုလေသည်။

ညီနောင် နှစ်ပါးသည် ထိုသို့ ဆို၍၊ ခမည်းတော် တိဿရာဇာမင်းကြီးထံသို့ သွား၍ အခွင့်ပန်လေသည်။ ထို့နောက် ညီနောင် နှစ်ပါးသည် ယခုခေတ် ဇင်းကျိုက်တောင်ဟု ခေါ်သော ဂဠ္ဍိဂိရိတောင်သို့ သွားကြလေသည်။ ရောက်သော အခါ ဂဠ္ဍိဂိရိတောင်၌ ကျောင်း သခ်မ်းဆောက်ကာ ရသေ့ရဟန်းတို့ကဲ့သို့ကျင့်၍ နေကြလေသည်။ လပေါင်းများစွာ ကြာမြင့်လတ်သော် နောင်တော် ရသေ့သည် ညီတော် ရသေ့ကို ခေါ်၍ ငါတို့ ညီနောင်သည် ရသေ့ရဟန်း ဖြစ်ပြီ။



အတူတကွ မနေသင့်။ တခြားစီခွဲ၍ နေသင့်သည်။ အကြောင်းရှိသော အခါ၌ မီးဖြင့် အချက်ပြ၍ ခေါ်ကြအံ့ဟု ဆိုလေသည်။ ထိုအခါ ညီတော်ရသေ့သည် ကောင်းပြီဟု ဆို၍ ယခုခေတ် ဇွဲကပင်တောင်ဟု ခေါ်သော ဗန္ဓဝဂီရိတောင်သို့ သွားလေသည်။

ဂန္ဓဂီရိတောင်နှင့် ဗန္ဓဝဂီရိတောင်တို့သည် အလွန် စိတ်ကြည်နူးဘွယ်ကောင်းလေသည်။ ထိုတောင်တို့၏ခြေရင်းတွင် ပင်လယ် ရှိလေသည်။ ပင်လယ်ကမ်းတွင် ကျွန်းငယ် အမြောက်အမြားရှိလေသည်။

ထိုတောင်၊ ထိုကျွန်းများတွင် သစ်သီး ပန်းမန်ပေါများ၏။ ကြံ စုသီး၊ ကြက်မောက်သီး၊ တောင်သလဲသီးတို့သည်အနံ့ အရသာနှင့် ပြည့်စုံ၏။ သော်ကပန်းများသည် နီဝါဝါ အဆင်းရှိ၍ အလွန် လှပတင့် တယ်၏။ ထိုကျွန်းသို့ နဂါးမတို့သည်လာ၍ ပျော်ရွှင်စွာ ကစားလေ့ရှိ ကြလေသည်။ တခါတရံ ဝိဇ္ဇာဇော်ဂျီတို့လည်း လာ၍ ပျော်ရွှင်စွာ ကစားလေ့ ရှိကြလေသည်။

အခါတပါး၌ နောင်တော် ရသေ့သည် ဂင်္ဂါရိတောင်ခြေရင်းသို့ ဆင်း၍ ပင်လယ်ကမ်းနား၌ လှည့်ပတ်သွားလာ၏။ ထိုအခါ ပင်လယ် ကမ်းနား၌ ဖွေးဖွေးဖြူသော ဥနှစ်လုံးကို မြင်၍ ထိုဥနှစ်လုံးကို တောင် ပေါ်ရှိ မိမိ၏ကျောင်းသင်္ခမ်းသို့ ဆောင်ယူလာလေသည်။ ထိုဥနှစ်လုံး သည် အလွန်ထူးဆန်းလှသဖြင့် ဗန္ဓဝဂိရိတောင်၌ နေသော ညီတော် ရသေ့ကို မီးဖြင့် အချက်ပြ၍ ခေါ်လေသည်။ ညီတော်ရသေ့ ရောက် လာသောအခါ နောင်တော် ရသေ့က၊ ဖွေးဖွေးဖြူသော ဤဥ နှစ်လုံးကား နဂါးမ၏ ဥများပေတည်း။ ငါတို့ ညီနောင် တလုံးစီယူ၍ စောင့်ရှောက် ကြကုန်အံ့ဟု ဆိုလေသည်။ ညီတော် ရသေ့လည်း ကောင်းပြီဟု ဆို၍ ဥတလုံးကို ယူကာ ဗန္ဓဝဂိရိတောင်သို့ ပြန်လေ သည်။

ထိုဥနှစ်လုံးသည် ပေါက်ချိန်ရောက်သောအခါ လူ သူငယ်နှစ်ဦး ဖွားမြင် လာကြလေသည်။ ရသေ့ညီနောင် နှစ်ပါးသည် အလွန် တရာ အံ့ဩ၍ ထိုလူသူငယ် နှစ်ဦးကို မွေးကျွေး စောင့်ရှောက်ကြလေ သည်။ ဆယ်နှစ်မျှ ကြာမြင့်သော အခါ ညီတော်ရသေ့ မွေးမြူကျွေး သော လူသူငယ်သည် သေဆုံးလေသည်။ နောင်တော်ရသေ့ မွေး

ကျေးသော လူသူငယ်သာလျှင် ဂစ္ဆဂိရိတောင်၌ ရသေ့နှင့် အတူနေလေသည်။

နောင်တော် ရသေ့ မွေးကျွေးသော လူသူငယ်သည် အသက်နှစ်ဆယ်အရွယ်သို့ ရောက်လတ်သော် သုဘိန္ဒနဂရပြည်တွင် တိဿရာဇာမင်းသည် အိုမင်း၍ နတ်ရွာစံလေသည်။ ထိုအခါ မှူးမတ်တို့သည် ရသေ့ညီနောင် နှစ်ပါးထံသို့ သွား၍ ခမည်းတော် မင်းကြီး၏ ထီးမွေ နန်းမွေကို ခံယူပါလော့ဟုလျှောက်ကြလေသည်။ ရသေ့ နှစ်ပါးလည်း ငါတို့ကား ရသေ့ ရဟန်းများသာတည်း။ ခမည်းတော် မင်းကြီး၏ ထီးမွေနန်းမွေကို မခံယူလိုကြပါ။ ငါတို့ မွေးကျွေးသော ဤလူသူငယ်သည် ဘုန်းကြီးသူဖြစ်သည်။ ဥာဏ်ပညာနှင့် ပြည့်စုံသူလည်း ဖြစ်သည်။ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသူလည်း ဖြစ်သည်။ ဤလူသူငယ်ကို ယူ၍ နန်းတင်လော့ဟုဆို၍ လူသူငယ်ကို ပေးလေသည်။ မှူးမတ်တို့လည်းရွှင်လန်းဝမ်းမြောက်၍ တပည့်တော်တို့သည် ဤလူသူငယ်ကို သုဘိန္ဒနဂရပြည်၌ မင်းမြှောက်ပါအံ့ ဟု ဆိုပြီးလျှင် နောင်တော်ရသေ့ မွေးကျွေးသောသားကို သုဘိန္ဒနဂရပြည်သို့ ဆောင်ယူကြလေသည်။

ရောက်လတ်သော် ထိုသားကို နန်းတင်ကြလေသည်။ ရသေ့ညီနောင် နှစ်ပါး၏ ဘွဲ့တော် နှစ်ခုကို ပေါင်း၍ တိဿ ဓမ္မ သီဟရာဇာ ဟူသော ဘွဲ့ကိုလည်း အပ်နှင်းလေသည်။ သုဘိန္ဒနဂရပြည်၏ အလယ်၌ ရွှေထွက်သော ချောင်းတခု ရှိသည်ဖြစ်ရာ၊ ထိုချောင်းကို အကြောင်းပြု၍ သုဘိန္ဒနဂရပြည်ကိုလည်း သုဝဏ္ဏဘူမိပြည် ဟု အမည်သစ် ပေးလေသည်။ ထိုအခါမှ စ၍ သုဝဏ္ဏဘူမိပြည်ဟု တွင်လေသည်။ ယခုအခါ သထုံဟု ခေါ်ကြလေသည်။

## ၂။ သုဝဏ္ဏဘူမိ သထုံပြည်သို့ ဂဝံပတိရဟန္တာ လာ၍ သာသနာပြုခြင်း

သုဝဏ္ဏဘူမိပြည်၌ တိဿမေ္ဘသီဟရာဇာမင်း နန်းစံသောအခါ ဂဝံပတိ အမည်ရှိသော ရဟန္တာတပါးသည် ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူရာ ဖြစ်သော မဇ္ဈိမဒေသ (ရှေးခေတ် အိန္ဒိယ) မှ သုဝဏ္ဏဘူမိပြည်သို့



ရောက်လာလေသည်။ ထို့နောက် နန်းတော်သို့ ဝင်၍ မြတ်သောနေရာ၌ နေလေသည်။

မင်းကြီးသည် ဂဝံပတိ ရဟန္တာကို အရှင်မြတ်သည် မည်သည့်အမျိုးအနွယ် ဖြစ်ပါသနည်းဟု မေးလေ၏။ ထိုအခါ ဂဝံပတိ ရဟန္တာက၊ မင်းကြီး၊အကျွန်ုပ်သည် အခြားမဟုတ်။ ရှေးဘဝကသော် မင်းကြီး၏ညီတော် ဖြစ်ခဲ့ဘူး၏။ ဂဇ္ဇဂိရိတောင် ရသေ့ကြီးသည် မင်းကြီးကို မွေးကျွေးစဉ် ဗန္ဓုဝဂီရိတောင် ရသေ့ကြီးသည် ကျွန်ုပ်ကို မွေးကျွေးခဲ့၏။ ကျွန်ုပ် သေလွန်သော် မဇ္ဈိမဒေသတွင် အမျိုးသမီးတယောက်၌ ဖွားမြင်လာ၏။ အရွယ်ရောက်လတ်သော် ဂေါတမမြတ်စွာဘုရားကို ဖူးတွေ့ရ၍ တရားကို နာရသဖြင့် ရဟန္တာ ဖြစ်လေပြီဟု ပြန်ပြောလေသည်။

ထိုအခါ မင်းကြီးက အရှင်မြတ်သည် အဘယ်ကို အလိုရှိ၍ ဤအရပ်သို့ ကြွလာပါသနည်းဟု မေးပြန်၏။ ဂဝံပတိရဟန္တာလည်း မင်းကြီး၊ အကျွန်ုပ်အဖို့ မည်သည့် အရာကိုမျှ အလိုမရှိပြီ။ မင်းကြီးသည် ရှေးဘဝက နောင်တော်ဟောင်းဖြစ်ခဲ့ဘူးရာ၊ ဂေါတမ မြတ်စွာဘုရား၏ တရားကို အကျွန်ုပ် နာကြားရသကဲ့သို့ မင်းကြီးလည်း နာကြားစေလို၏။ ထို့ကြောင့် အကျွန်ုပ် ရောက်လာခြင်း ဖြစ်သည်ဟုဆို၍ တရားကို ဟောလေသည်။

တိဿဓမ္မသီဟရာဇာ မင်းကြီးလည်း ဂဝံပတိ ရဟန္တာ ဟောပြသော မြတ်စွာဘုရား၏ တရားကို နှစ်သက် ကြည်ညိုလာလေ၏။ ထို့နောက် မှူးမတ်ပြည်သူ အပေါင်းတို့လည်း ထိုတရားကို နာကြပြန်ရာ၊ ထိုသူတို့လည်း ထိုတရားကို နှစ်သက် ကြည်ညိုလာကြလေ၏။ ထို

ကြောင့် မင်းနှင့်တကွ မှူးမတ်ပြည်သူ အပေါင်းတို့သည် ဘုရားကို ကိုးကွယ်ပါ၏။ တရားကို ကိုးကွယ်ပါ၏။ သံဃာကို ကိုးကွယ်ပါ၏ ဟု သုံးကြိမ် ရွတ်ဆို၍ သရဏဂုံ သုံးပါး၌ တည်ကြလေသည်။ ထို့နောက် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။ ကာမတို့၌ အမှားကျင့်ခြင်းမှ ရှောင်ကြဉ်ပါ၏။ လိမ်လည် ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။ မူးယစ် စေတတ်သော အရက်သေစာ စသည်တို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏ဟု ကတိပေး၍ ငါးပါးသီလ မြဲကြလေသည်။

## ၃။ ဟံသာဝတီပြည်ကို တည်ထောင်ခြင်း

သုဝဏ္ဏဘူမိပြည်တွင် တိဿမဟာဓမ္မသီဟရာဇာမင်းကြီး နတ်ရွာစံသောအခါ သားတော် သီရိမာသောကမင်း နန်းတက်လေသည်။ ထိုမင်းတွင် သားတော် နှစ်ပါး ရှိလေသည်။ သားတော်အကြီးသည် သမလ ဖြစ်၍၊ သားတော် အငယ်သည် ဝိမလ ဖြစ်လေသည်။ ထိုသားတော် နှစ်ပါးသည် ရဲရင့်ကြ၏။ စွန့်စားလိုသော စိတ်လည်း ရှိကြ၏။

သမလနှင့် ဝိမလတို့ အရွယ်ရောက်လတ်သော် ဂဝမ္ပတိရဟန်းတော်၌ သီတင်းသုံးလျက်နေသော ဘေးတော်ရသေ့သည် မြစ်တော် နှစ်ပါးကို ခေါ်၍ ငါ၏ မြစ်များသည် ရဲရင့်ခြင်းလည်း ရှိကြ၏။ စွန့်စားလိုသော စိတ်လည်း ရှိကြ၏။ ထို့ကြောင့် သင်တို့သည် သုဝဏ္ဏဘူမိပြည်၏ အနောက်ဖက်၌ရှိသော အရပ်များသို့ သွား၍ တိုင်းသစ် ပြည်သစ် တည်ထောင်ကြလေလော့ ဟု ဆိုလေသည်။

ထို့ကြောင့် သမလနှင့် ဝိမလ ညီနောင် နှစ်ပါးသည် ခမည်းတော် သီရိမာသောကမင်းကြီးထံမှရွက်လှေတဆယ့်ခုနစ်စင်းကိုရင်း၊ နောက်လိုက် နောက်ပါ လူတရာ့ခုနစ်ဆယ်ကိုရင်းတောင်း၍ အနောက်ဖက်သို့ ခရီးထွက်ရန် ရွက်လှေများကိုပြင်ကြ၏။ အစာရေစာတို့ကိုလည်းသိုမှီးကြ၏။ အနောက်ဖက်တွင် စစ်ဘောင်း မြစ်ဝရှိ၏။ ထိုမြစ်ဝတွင် ကျွန်းငယ် အမြောက်အမြားရှိလေသည်။ ထိုကျွန်းငယ်များအနက် နောင်အခါ ဟံသာဝတီပြည် ဖြစ်ထွန်းလာမည်ဖြစ်သော ကျွန်းလည်း ပါဝင်



သမလဝိမလသင်္ဘောလွှင့်ခန်း

လေသည်။ ထို့ပြင် ထိုကျွန်းငယ်များ၏ အနောက်ဖက်တွင် သံလျင်ကျွန်း၊ ဥက္ကလာပပြည် တည်ရှိရာ ဒဂုံကျွန်း၊ တံတားကုန်းတန်း တည်ရှိရာ ဒလကျွန်းတို့လည်း ပါဝင်ကြလေသည်။

သမလနှင့် ဝိမလ ညီနောင် နှစ်ပါးသည် ဘေးတော် ရသေ့ကြီးနှင့် ခမည်းတော် မယ်တော်တို့ကို ကန်တော့၍ နောက်လိုက် နောက်ပါ လူတရာ့ခုနစ်ဆယ်နှင့် သုဝဏ္ဏဘူမိပြည်မှ ခွါကြလေ၏။ လမ်းခရီးတွင် ကျွန်းသစ်များသို့ ရောက်သည့် အခါတိုင်း ညီနောင် နှစ်ပါးသည် ထိုကျွန်းသားများ၏ ခရီးဦး ကြိုဆိုခြင်း၊ ပူဇော်ခြင်းတို့ကို ခံယူကြလေသည်။ နှစ်နှစ်ခန့် ကြာမြင့်သော် ကျွန်းငယ်တခုသို့ ရောက်ကြလေ၏။

ထိုကျွန်းငယ်ကို အဝေးမှ လှမ်းမျှော်၍ ကြည့်သောအခါ ညီနောင် နှစ်ပါးသည် ထူးခြားသော အခြင်းအရာကို မြင်ကြလေသည်။ ထို အခြင်းအရာကား အခြားမဟုတ်။ နှစ်ပင်တိုင် ရွက်သင်္ဘောနှင့် ထို သင်္ဘော၌ လိုက်ပါလာသော တိုင်းတပါးသားတို့ ဖြစ်ကြလေသည်။ တိုင်းတပါးသားများသည် ပေါင်းထုပ်များကို ဆောင်းဆင်ကြသည်။ အချို့မှာ ရှည်လျားသော မုတ်ဆိတ်ဆံများ ရှိကြလေသည်။ ထိုသူတို့သည် အန္ဓရ တိုင်းသားများပေတည်း။

အန္ဓရ သင်္ဘောမှူးသည် ထိုကျွန်းငယ်ရှိ ကျွန်းသား အကြီးအမှူးနှင့် အငြင်းအခုံ ဖြစ်ပွါးလျက် ရှိလေသည်။ အန္ဓရ သင်္ဘောမှူးက ငါတို့၏ ဘေးလောင်းတော် မင်းများသည် လွန်ခဲ့သော နှစ်ပေါင်း ကိုးဆယ်လောက်ကပင် ဤကျွန်း၌ အလျား တဆယ့်ငါးတောင်ရှိ၍ လုံးပတ် ခုနစ်ထွာရှိသော သံတိုင်ကိုစိုက်၍ မှတ်သားခဲ့ဘူးသည်။ ထို့ကြောင့် ထိုကျွန်းငယ်ကို ငါတို့၏ မင်းကသာ ပိုင်သည်ဟု ဆို၏။

ကျွန်းသား အကြီးအမှူးကလည်း ဤကျွန်းငယ်သည် ငါတို့၏ ရမည တိုင်းနိုင်ငံသာ ဖြစ်သည်ဟု ကန့်ကွက်လေ၏။

ထိုအခိုက်တွင် သမလနှင့် ဝိမလတို့သည် နောက်လိုက် နောက်ပါ လူတရာ့ခုနစ်ဆယ်နှင့် ကျွန်းငယ်သို့ ရောက်လာ၍ အသင်တို့သည် တိုင်းတပါးသားများသာ ဖြစ်သည်။ ဤကျွန်းငယ်၌ အသင်တို့က ကျူးလွန်၍ သံတိုင် စိုက်မှတ်သင့်သည် မဟုတ်ချေ။ စိုက်မှတ်သည် မှန်စေကာမူ ငါတို့ ရမည တိုင်းနိုင်ငံ အတွင်း၌ ဖြစ်သောကြောင့် ဤကျွန်းငယ်ကို အသင်တို့ မပိုင်ထိုက်ဟု ဆိုကြလေ၏။

ထိုအခါ သက်ကြီး တဦးသည် သမလနှင့် ဝိမလတို့ထံသို့လာ၍၊ ဤကျွန်းငယ်၌ အန္ဓရမင်းက မှတ်သားခြင်း မပြုမီကပင် ကြေးလင်ပန်းကိုးချပ်၊ သံတဇင်ကိုးစင်း၊ ပဲနောက် ကိုးတင်းတို့ကို မြှုပ်နှံ၍ မှတ်သားပြီး ဖြစ်ပါသည်။ တူးဖော်၍ ကြည့်ပါက မှန်ကန်သည်ကို သိနိုင်ပါသည်။ အန္ဓရသတော်မှူးအား ဤသို့ ပြောပါလေလော့ဟု ဆိုလာလေသည်။

သမလနှင့် ဝိမလတို့လည်း သက်ကြီးက ဆိုလာသည့် အတိုင်း အန္ဓရ သတော်မှူးအား ပြောလေ၏။ အန္ဓရသတော်မှူးလည်း သဘောတူ၍ တူးဖော်ကြရာ၊ အန္ဓရမင်း၏ သံတိုင်က အထက်၊ ကြေးလင်ပန်း ကိုးချပ်၊ သံတဇင် ကိုးစင်း၊ ပဲနောက် ကိုးတင်းက အောက်၊ မြှုပ်နှံ့ တည်ရှိနေသည်ကို တွေ့ကြရလေ၏။ အန္ဓရသတော်မှူးလည်း မှန်ပေသည်ဟု ဆိုလျက် အထည်အလိပ် ပိတ်ကောင်းခါသာ ရွှေငွေရတနာတို့ကိုပေး၍ အန္ဓရတိုင်းသို့ ပြန်လေသည်။

အန္ဓရသတော်မှူး ပြန်သောအခါ ကျွန်းသားတို့သည် သမလနှင့်

ဝိမလအား ကျွန်းငယ်ကို အပ်နှင်းလေသည်။ ညီနောင် နှစ်ပါးလည်း ထိုကျွန်းငယ်၌ ဟံသာဝတီပြည်ကို တည်ထောင်လေသည်။ သမလမင်းသည် ဤပြည်၌ ထီးနန်းဆောက်၍ မင်းပြုလေသည်။ နှစ်ပေါင်းများစွာကြာမြင့်သော် ထိုကျွန်းငယ် ပတ်လည်၌ နုံးမြေများတက်လာရာ ကုန်းပြင်နှင့် ဆက်စပ်မိလေသည်။ ထို့နောက် မြို့နေရာလည်း ပြောင်းရွှေ့ခဲ့ရာ ယခုခေတ် ပဲခူးမြို့ရှိရာသို့ ရောက်လာလေသည်။

## ၄။ ဟံသာဝတီပြည်ကို ချစ်သော ကွမ်းအပ်သား မင်းသား

သမလမင်းသည် ဟံသာဝတီပြည်၌ နန်းစံသော အခါ ညီတော် ဝိမလမင်းသားကို အိမ်ရှေ့အရာ၌ ထားလေသည်။ အခါတပါး၌ သမလမင်းသည် ဟံသာဝတီပြည် ကျေးလက်ဒေသသို့ ထွက်၍ လှည့်လည်ကြည့်ရှုရာ ရွှေဖရုံ၊ ကျောက်ဖရုံ၊ သခွါးတို့ကို စိုက်သော ယာခင်းတခုသို့ ရောက်လေ၏။

ယာခင်းတွင် သမလမင်းသည် ယာရှင်၏ သမီးကို မြင်လေသည်။ ယာရှင်၏ သမီးသည် အလွန်လှပ တင့်တယ်သော အမျိုးသမီး ဖြစ်လေသည်။ သမလမင်းသည် ထိုအမျိုးသမီးကို မိဖုရား မြှောက်လိုသဖြင့် ယာရှင်ထံမှ တောင်းလေ၏။ အမျိုးသမီးသည် ရှက်ကြောက်ခြင်းဖြစ်သဖြင့် ရှောင်ရှား ပုန်းအောင်း၍ နေလေသည်။ သို့ရာတွင် ယာခင်း၌ ရှာဖွေကြသောအခါ အသီးအပွင့်နှင့် ပြည့်စုံသော ရွှေဖရုံ ခြုံအတွင်း၌ အမျိုးသမီးကို တွေ့ကြလေသည်။ ထို့ကြောင့် ထိုအမျိုးသမီးကို ရွှေ ဖရုံမယ်ဟု ခေါ်ကြလေ၏။



သမလမင်းသည် ရွှေဖရုံမယ်ကို ဟံသာဝတီ ရွှေထီး ရွှေနန်းသို့ ဆောင်ယူ၍ မိဖုရား မြှောက်လေသည်။ ဆယ်နှစ်မျှ ကြာမြင့်သော အခါ ရွှေဖရုံမယ် မိဖုရားတွင် သားငယ်တပါး ဖွားမြင်လေ၏။သားငယ် ဖွားမြင်ပြီး၍ ငါးလမျှ ကြာသောအခါ သမလမင်းသည် နတ်ရွာစံလေ၏။

ထိုအခါ အိမ်ရှေ့မင်း ဖြစ်သော ညီတော် ဝိမလသည် ဟံသာဝတီ ထီးနန်းကို ဆက်ခံ၍ မင်းပြုလေ၏။ မရီးတော် ရွှေဖရုံမယ်ကိုလည်း

မိဖုရား မြှောက်လေ၏။ သို့ရာတွင် ဝိမလမင်းသည် ပြည်ရေးပြည်ရာ ရှုပ်ထွေးလာမည်ကို စိုးရိမ်သဖြင့် တူတော် မင်းသားငယ်ကို နယ်စွန် နယ်ဖျား၌ စွန့်ပစ်ရမည်ဟု အမိန့်ပေးလေသည်။

အစောင့်အကြပ် ဖြစ်ကြသော အမတ်တို့သည် မင်းသားငယ်ကို ယူ၍ ပေါင်းလောင်းမြစ်၏ အရှေ့ဘက် ဒေသရှိ ကွမ်အပ်သား ရွာသို့ ရောက်လာကြလေသည်။ ထိုရွာ အနီးတွင် နန်းကလိုင်း အမည်ရှိသော ကရင်အမယ်အိုး၏ ကျွဲခြံ ရှိလေသည်။ အမတ်တို့သည် ညဉ့်အချိန် ရောက်သောအခါ မင်းသားငယ်ကို ကောင်းစွာ ထုပ်၍ နန်းကလိုင်း ၏ ကျွဲခြံအဝတွင် ထားခဲ့၍ ပြန်ကြလေသည်။

နောက်တနေ့ မိုးသောက်၍ နန်းကလိုင်းသည် ကျွဲများကို ခြံမှ ထုတ်ရန် လာသောအခါ ကျွဲ အထွက်အဝင် လမ်းတွင် မင်းသားငယ် ကို တွေ့လေသည်။ နန်းကလိုင်းသည် မင်းသားငယ်ကို မင်းသားငယ်ဟူ ၍ မသိ။ သို့ရာတွင် မြင်သည်နှင့် တပြိုင်နက် ကလေးသူငယ်ကို ချစ်သနား၍ ကောက်ယူ မွေးစားလေသည်။

မင်းသားငယ်သည် ကြီးပြင်းလာသောအခါ နန်းကလိုင်းကို အမိရင်း ထင်မှတ်၍ အမိရင်းကို လုပ်ကျွေးပြုစုသကဲ့သို့ လုပ်ကျွေး ပြုစုလေသည်။ မင်းသားငယ်သည် ခွန်အားကြီးသူ ဖြစ်သဖြင့် ကျွဲ များကို ကိုက်ဖမ်းတတ်သော ကျား၊ ကျားသစ်တို့ကို သတ်ပုတ် နိုင်သည်။ ဆင်မြင်းတို့ကို ချစ်ခင်သူ ဖြစ်သဖြင့် ဆင်စီး မြင်းစီး ကျင်လည်လေသည်။ ဓား လှံ လေးမြားတို့ကို အမြဲကိုင်ဆောင်သူ ဖြစ်သဖြင့် ဓားရေး၊ လှံရေး၊ လေးမြား အရေး၌ ကျွမ်းကျင်လေ သည်။

အခါတပါး၌ ဟံသာဝတီ သင်္ဘောဆိပ်သို့ အန္တရတိုင်းမှပင် ရွက်သင်္ဘော တစင်း ရောက်လာပြန်၏။ ထိုရွက်သင်္ဘောတွင် အန္တရ သူရဲကောင်းနှင့်တကွ အန္တရ စစ်သည်တို့ ပါလာကြလေသည်။ အန္တရ သင်္ဘောမှူးသည် ဝိမလမင်းထံသို့ ငါတို့၌ ပါသော အန္တရ သူရဲကောင်းကို ဖက်ပြိုင်၍ သတ်နိုင်လျှင်သတ်။ မသတ်နိုင်ခဲ့သော် ဟံသာဝတီပြည်ကို ငါတို့၏ လက်သို့ အပ်ရမည်ဟု တမန်လွှတ်၍ အကြောင်းကြားလေသည်။ အန္တရ သူရဲကောင်းကိုလည်း သင်္ဘောဦး၌ နေစေ၍ ဟံသာဝတီပြည်သားတို့အား ပြလေသည်။

အန္တရ သူရဲကောင်းသည် အရပ် ခုနစ်တောင် မြင့်လေသည်။ ခွန်အားဗလလည်း ကြီးလေသည်။ ဘီလူးကဲ့သို့ ကြောက်မက်ဖွယ်လည်း ကောင်းလေသည်။ ဟံသာဝတီပြည်သားတို့သည် အန္တရ သူရဲကောင်းကို မြင်ကြသောအခါ ထိတ်လန့်ကြကုန်၏။ ဝိမလမင်းသည် အန္တရ သင်္ဘောမှူး၏ စကားကို ကြားသိသော အခါ မိမိ၏ စစ်သည်ဗိုလ်ပါစု၌ သူရဲကောင်းကို ရှာလေသည်။ သို့ရာတွင် အန္တရ သူရဲကောင်းကို ဖက်ပြိုင် တိုက်ခိုက်နိုင်မည့်သူကို မတွေ့ချေ။ တဖန် ဟံသာဝတီပြည်အတွင်း၌ ရှာပြန်လေသည်။ သို့ရာတွင် မတွေ့ချေ။ တဖန် ဟံသာဝတီ ကျေးလက်၌ ရှာစေပြန်လေသည်။ ထိုကြောင့် မင်းချင်းတို့သည် ဟံသာဝတီကျေးလက်သို့ အနှံ့သွား၍ ရှာရာ တနေ့သောအခါ ကွမ်အပ်သားရွာသို့ ရောက်ကြလေသည်။

မင်းချင်းတို့သည် ကျွဲမျိုးကို ထိန်းကျောင်းနေသော မင်းသားငယ်ကို မြင်သောအခါ ဤယောကျ်ားပျိုသည် လုပတင့်တယ်ခြင်းလည်း ရှိ၏။ ရဲရင့်သော မျက်နှာလည်း ရှိ၏။ ဖြတ်လတ်သော အမူ

အရာလည်း ရှိ၏ဟု အောက်မေ့၍ ဤသို့ မေးကြလေသည်။ အို– လုလင်ပျို၊ ငါတို့၏ အရှင်ဖြစ်သော ဟံသာဝတီမင်းထံသို့ အန္ဓရတိုင်း သား သူရဲကောင်း တဦးသည် စစ်ထိုးရန် ရောက်လာသည်။ ထိုသူရဲ ကောင်းကို ဖက်ပြိုင် တိုက်ခိုက်နိုင်မည့် သူသည် ဟံသာဝတီပြည်၌ မရှိပြီ။ လုလင်ပျိုသည် ထိုသူရဲကောင်းကို ဖက်ပြိုင် တိုက်ခိုက်နိုင် သော် ဆုလာဘ် များစွာရမည်ဟု ဆိုလေသည်။

ထိုအခါ မင်းသားငယ်က၊အကိုတို့ အကျွန်ုပ်သည် ထိုသူရဲကောင်း ကို ဖက်ပြိုင် တိုက်ခိုက်ပါမည်။ သို့ရာတွင် အကျွန်ုပ်သည် ဆုလာဘ်ကို ကား အလိုမရှိပါ။ အကျွန်ုပ်သည် ဟံသာဝတီပြည်ကို ကြည့်လို၍ ဟံသာဝတီပြည်၏ ရန်သူကိုသာ သုတ်သင် ရှင်းလင်း ပေးလိုပါသည်။ အကျွန်ုပ်ကို ဆောင်ယူပါလော့ဟု ဆိုလေသည်။ ထိုနောက် မင်းသား ငယ်သည် မိခင် နန်းကလိုင်းထံ၌ အခွင့်ပန်၍ မိခင်နန်းကလိုင်းကို ကန် တော့ပြီးနောက် မင်းချင်းတို့နှင့်အတူ ဟံသာဝတီပြည်သို့ သွားလေ သည်။

ဟံသာဝတီပြည်သို့ ရောက်သောအခါ ဝိမလမင်းထံသို့ ဝင်၍ အရှင်မင်းမြတ်၊ အရှင်မင်းမြတ်၏ ရန်သူကို ကျွန်တော် တိုက်ပါမည်ဟု လျှောက်လေသည်။ ဝိမလမင်းလည်း ဝမ်းမြောက်၍ အသွားထက်လှ စွာသော လှံကို ပေးအပ်လေသည်။ စစ်ထိုးမည့်နေ့သို့ ရောက်သော အခါ ဝိမလမင်းနှင့် ရွှေဖရုံမယ် မိဖုရားတို့သည် မှူးမတ် ပြည်သူ အပေါင်းနှင့်တကွ ဟံသာဝတီ ဆိပ်ကမ်းသို့ ရောက်လာကြလေသည်။ မင်းသားငယ်လည်း အန္ဓရသူရဲကောင်းကို စောင့်မျှော်လျက် နေလေ သည်။ အရပ် ခုနစ်တောင် မြင့်၍ ဘီလူးကဲ့သို့ ကြောက်မက်ဖွယ်

ကောင်းသော အန္ဒရ သူ့ရဲကောင်းသည် ကြီးလှစွာသော လှံကို စွဲကိုင်လျက် မင်းသားငယ်ဆီသို့ ရဲရင့်စွာ လာ၍ လှံဖြင့် ထိုးသတ်လေ၏။ မင်းသားငယ်သည် ဖြတ်လတ် လျင်မြန်စွာ ရှောင်၍၊ ဖြတ်လတ် လျင်မြန်စွာ အန္ဒရ သူ့ရဲကောင်းကို လှံဖြင့် ထိုးလေ၏။ အန္ဒရ သူ့ရဲကောင်းသည် မရှောင်နိုင်သဖြင့် ထိုနေရာ၌ပင် လဲ၍ အသက်ဆုံးလေသည်။

အန္ဒရသင်္ဘောမှူးသည် ထိုအခြင်းအရာကို မြင်သောအခါ မိမိ၏သင်္ဘောကို ဆိပ်ကမ်းမှ ခွါ၍ ပြေးလေ၏။ မင်းနှင့် မိဖုရားတို့သည် မင်းသားငယ်အား ဆုလာဘ် ပေးလိုသဖြင့် ရွှေတော်သို့ ခေါ်ကြလေသည်။မင်းသားငယ်ကို နီးနီးကပ်ကပ်မြင်ရသောအခါ ဝိမလမင်းသည် နှောင်တော်သမလမင်း၏ ရုပ်လက္ခဏာသွင်ပြင်ကို သတိရ အောက်မေ့လာ၏။ ရွှေဖရုံမယ် မိဖုရားသည်လည်း မိမိစွန့်ပစ်ခဲ့သော သားငယ်ကို လွမ်းဆွတ်ခြင်း ဖြစ်လာလေသည်။

ထို့ကြောင့် မင်းနှင့် မိဖုရားတို့သည် မင်းသားငယ်၏ အကြောင်းစုံကို မေးမြန်းကြလေသည်။ နန်းကလိုင်းကိုလည်း ခေါ်၍ စုံစမ်းရာ သမလမင်း၏ သားတော်ဖြစ်ကြောင်းကို သိလာကြလေသည်။ ထိုအခါမှစ၍ ဝိမလမင်းသည် မင်းသားငယ်ကို ငါ၏ တူတော်ပေတကားဟု ဆို၍ အိမ်ရှေ့မင်းအရာကို ပေးလေသည်။ ရွှေဖရုံမယ် မိဖုရားသည်လည်း မိမိ၏သားကို ပြန်တွေ့ရသဖြင့် အတိုင်းမသိ ဝမ်းမြောက်၍ နန်းကလိုင်းအား ဆုလာဘ်များစွာ ပေးလေသည်။မင်းသားငယ်အား ကွမ်းအပ်သားရွာကို အကြောင်းပြု၍ ကွမ်းအပ်သား မင်းသားဟု ခေါ်ကြလေသည်။

## ၅။ လွတ်လပ်စွာ ယုံကြည် ကိုးကွယ်လိုသော ဘဒ္ဒရဒေဝီ

တရံရောအခါ ဟံသာဝတီ ပဲခူးပြည်၌ တိဿရာဇာမင်း နန်းစံလျက် ရှိလေသည်။ ထိုမင်းသည် ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးကို မယုံကြည်၊ မကိုးကွယ်သော မင်း ဖြစ်လေသည်။ ထိုမျှသာ မက၊ သူတပါးအားလည်း ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို မယုံကြည်ရ၊ မကိုးကွယ်ရဟု အာဏာဖြင့် တားမြစ်သော မင်းလည်း ဖြစ်လေသည်။ ထို့ကြောင့် ပဲခူးပြည်တွင် ရတနာ သုံးပါးကို ယုံကြည်ကိုးကွယ်ကြသော သူတို့သည် ရတနာသုံးပါးကို ယုံကြည်သော်လည်း ထိုမင်းကို ကြောက်ရွံ့ ကြသဖြင့် မကိုးကွယ်ဝံ့ဘဲ နေကြရလေသည်။

ထိုအခါကသော် ပဲခူးပြည်တွင် ဘဒ္ဒရဒေဝီ အမည်ရှိသော အမျိုးသမီး တဦး ရှိလေသည်။ ထိုအမျိုးသမီးသည် ငယ်စဉ်အခါမှ စ၍ ရတနာသုံးပါးကို ယုံကြည် ကိုးကွယ်သူ ဖြစ်လေသည်။ ကျောင်းကန် ဘုရားများသို့ မိဘ ဆွေညာတကာတို့နှင့် အတူ သွား၍ ရှိခိုး ပူဇော်သော သူလည်း ဖြစ်လေသည်။ ငါးပါးသီလ မြဲသော သူလည်း ဖြစ်လေသည်။

တနေ့သ၌ ဘဒ္ဒရဒေဝီသည် မိမိ၏ အထိန်း မိန်းမများနှင့် အတူ ရေဆိပ်သို့ ဆင်း၍ ရေချိုးလေသည်။ ထိုအခါ ဘဒ္ဒရဒေဝီသည် သဲထဲ၌ နစ်မြုပ်နေသော ဗုဒ္ဓ ရုပ်ပွားတော်တဆူကို စမ်းမိရာ ဆယ်ယူ၍ မမရို့၊ ဤရုပ်တုတော်ကို ကျွန်မသည် သဲထဲမှ ဆယ်ယူ၍ ရပါ၏။ အဘယ်သူ

သည် ဤရုပ်တုတော်ကို ဤသဲထဲသို့ ပစ်ချပါလိမ့်မည်နည်းဟု အထိန်းမိန်းမတဦးအား မေးလေ၏။ အထိန်း မိန်းမလည်း၊ အရှင်မ၊ တိဿရာဇာမင်းသည် ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ်သော မင်း မဟုတ်သဖြင့် ရတနာသုံးပါးနှင့် စပ်သော အရာဟူသမျှကို ကျုံး မြောင်း မြစ် ချောင်း အင်းအိုင် တို့၌ စွန့်ပစ်ကြရမည်ဟု အမိန့်ထုတ်ခဲ့လေပြီ။ ရတနာသုံးပါးကို ယုံကြည် ကိုးကွယ်ကြသော ပဲခူး ပြည်သူပြည်သားတို့လည်း တိဿရာဇာ မင်းကို ကြောက်ရွံ့သဖြင့် မင်း၏ အမိန့်အတိုင်း ပြုကြရလေသည်။ ဤရုပ်တုတော်သည် မင်း၏ အမိန့်ကြောင့် ဤသဲထဲ၌ ရောက်နေတန်ရာ၏ဟု ဆိုလေသည်။

ထိုအခါ ဘဒ္ဒရဒေဝီက၊ ကျွန်မသည် ငယ်စဉ် အခါမှ စ၍ ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ်၍ ကြည်ညို ရှိသေသူ ဖြစ်၏။ ဤရုပ်တုတော်ကို ကျွန်မ ပူဇော်မည်ဟု ဆို၏။ အထိန်း မိန်းမလည်း၊ အရှင်မ၊ ဤရုပ်တုတော်ကို အရှင်မ ပူဇော်လျှင် တိဿရာဇာမင်းသည် အမျက် ထွက်၍ အရှင်မကို အဆုံးစီရင်ပေလိမ့်မည်ဟု ပြန်ပြောလေ၏။ ဘဒ္ဒရဒေဝီသည် ရုပ်တုတော်ကို ဦးခေါင်းပေါ်သို့ တင်၍ မမရို့၊ ဤ ရုပ်တုတော်ကို ကျွန်မ ပူဇော်သဖြင့် တိဿရာဇာမင်း အမျက်ထွက်၍ ကျွန်မကို အဆုံးစီရင်လိုသော် အဆုံးစီရင်ပါစေဟု ဆို၏။

ထိုသို့ ဆိုပြီးနောက်၊ ဘဒ္ဒရဒေဝီသည် ရုပ်တုတော်ကို မိမိ၏ အိမ်သို့ ယူဆောင်၍ စင်ကြယ်စွာ ဆေးကြော၏။ ထို့နောက် အိမ်ဦးခန်း တွင် ပန်းနံ့သာတို့ဖြင့် ပူဇော်၏။ ထိုအကြောင်းကို တိဿရာဇာမင်း ကြားသောအခါ အမျက်ထွက်၍ ဟယ် အမတ်တို့၊ ဘဒ္ဒရဒေဝီ အမည် ရှိသော မိန်းမပျိုသည် ငါ၏ အမိန့်ကို လွန်ဆန်၍ ရုပ်တုတော်ကို ပူ

ဇော်လျက် ရှိပြီ။ ဘဒ္ဒရဒေဝီကို ဆင်ဖြင့် နင်းသတ်စေဟု မိန့်တော်မူလေသည်။

အမတ်တို့လည်း ဘဒ္ဒရဒေဝီကို မြို့ပြင်သို့ ထုတ်၍ ဆိုးသွမ်းသော ဆင်အား နင်းစေ၏။ ဘဒ္ဒရဒေဝီသည် ကြောက်ရွံ့ တုန်လှုပ်ခြင်း မရှိ၊ ပကတိဖြစ်သော မျက်နှာဖြင့်၎င်း၊ ပကတိဖြစ်သော အသံဖြင့်၎င်း အကျွန်ုပ်သည် ဘုရားကို ကိုးကွယ်ပါ၏။ တရားကို ကိုးကွယ်ပါ၏။ သံဃာကို ကိုးကွယ်ပါ၏ ဟု ရွတ်ဆို၏။ ထိုအခါ ဆိုးသွမ်း



သော ဆင်သည် ဘဒ္ဒရဒေဝီကို မနင်းဘဲ ရပ်တန့်၍ နေလေ၏။ အမတ်တို့သည် ထိုအခြင်းအရာကို တိဿရာဇာမင်းအား လျှောက်ကြလေ၏။

တိဿရာဇာမင်းသည် ပြင်းစွာ အမျက် ထွက်၍ ဘဒ္ဒရဒေဝီကို ကောက်ရိုး မြက် အစရှိသည်တို့ဖြင့် ဖုံးအုပ်ပြီးလျှင် ဆိုးသွမ်းသော ဆင်များဖြင့် နင်းစေဟု မိန့်တော်မူလေသည်။ ထိုအခါ အမတ်တို့လည်း တိဿ ရာဇာမင်း၏ အမိန့်အတိုင်း ဘဒ္ဒရဒေဝီကို ရှေးဦးစွာ ကောက်ရိုး မြက် အစရှိသည်တို့ဖြင့် ဖုံးအုပ်၏။ ထို့နောက် ဆိုးသွမ်းသော ဆင်များကို အရက် ကိုးမောင်း တိုက်၍ နင်းစေပြန်၏။ ဘဒ္ဒရဒေဝီလည်း၊ အကျွန်ုပ်သည် ဘုရားကို ကိုးကွယ်ပါ၏။ တရားကို ကိုးကွယ်ပါ၏။ သံဃာကို ကိုးကွယ်ပါ၏ဟု ရွတ်ဆိုလျက်သာ နေ၏။ ဤ အကြိမ်၌လည်း အရက်မူးလျက် နေကြသော ဆင်ဆိုးများသည် ဘဒ္ဒရဒေဝီကိုမနင်းဘဲ ရပ်တန့်၍သာ နေကြလေ၏။


အမတ်တို့သည် ထိုအခြင်းအရာကို တိဿရာဇာမင်းအား လျှောက်ကြပြန်သောအခါ တိဿရာဇာမင်းသည် ဘဒ္ဒရဒေဝီကို ရှေ့တော်သို့ ခေါ်စေ၏။ ရောက်လျှင် ဘဒ္ဒရဒေဝီသည် ရတနာ သုံးပါး၏ ဂုဏ်ကျေးဇူးနှင့် ငါးပါးသီလကို ဟောလေ၏။ တိဿရာဇာမင်းလည်း သတိသံဝေဂ ရလာသဖြင့် အကျွန်ုပ်လည်း ရတနာ သုံးပါးကို ကိုးကွယ်ပါတော့မည်။ ငါးပါး သီလကို မြဲပါတော့မည်ဟု ဆို၍ မင်းကောင်းမင်းသစ် ဖြစ်လာလေ၏။ ဘဒ္ဒရ ဒေဝီကိုလည်း မိဖုရားမြှောက်လေသည်။

# ၆။ ဥက္ကလာပမြည်ကို တည်ထောင်ခြင်း

ယခုအခါ ရွှေတိဂုံ စေတီမြတ် တည်ရှိရာ ဖြစ်သော သိင်္ဂုတ္တရ ကုန်းတွင် ရှေးအခါကသော် ရသေ့ အများ မှီခို သီတင်း သုံးကြလေသည်။ အခါ တပါး၌ ရသေ့များအနက် တပါးသော ရသေ့သည် အရှေ့အရပ်ရှိ လမုတောရွာသို့ ဆွမ်းအလို့ငှါ ကြွ၍ ပြန်လာရာ၊ လမ်းတွင် လမုပင် တပင်၌ လမုငုံ အဖူး တခုကို မြင်လေသည်။ ထိုလမုငုံ အဖူးသည် အခြားသော လမုငုံ အဖူးတို့ထက် ပို၍ ကြီးလေသည်။ ရသေ့ လည်း ထိုလမုငုံ အဖူးကို ခူး၍ မိမိ၏ ကျောင်းသခ်မ်းသို့ ဆောင်ယူ ခဲ့၏။

လမုငုံ အဖူးသည် ပွင့်ချိန်တန်သောအခါ လူမိန်းမငယ် တဦးသည် ထိုလမုငုံအဖူးမှ ဖွားမြင်လာလေသည်။ ရသေ့သည် ထိုအခြင်းအရာကို မြင်သောအခါ အလွန်အံ့သြ၍ ထိုလူမိန်းမငယ်ကို မွေးကျွေး၏။ လမုငုံအဖူးမှ ဖွားမြင်လာသောကြောင့် မယ်လမုဟူ၍လည်း အမည် ပေးလေသည်။ အရွယ်ရောက်လတ်သော် မယ်လမုသည် အလွန်လှပ တင့်တယ်၍ အဖဖြစ်သော ရှင်ရသေ့ကို သားသမီးတို့၏ ဝတ်တရား နှင့် အညီ လုပ်ကျွေးပြုစုလေသည်။

အခါတပါး၌ လုလင်ပျို တဦးသည် ရသေ့ ကျောင်းသခ်မ်းသို့ ရောက်လာလေ၏။ ရှင်ရသေ့သည်လုလင်ပျိုကိုကြည့်၍ ဤယောကျ်ား ပျိုကား သိကြားနတ်မင်းကဲ့သို့ အဆင်းလည်းလှ၏။ ခွန်အားလည်း ကြီး၏။ ဥာဏ်ပညာရှိသော အမူအရာနှင့်လည်း ပြည့်စုံ၏ဟု အကြံ




ဖြစ်လေ၏။ လုလင်ပျိုလည်း စကားအချိုအသာ ပြော၍ မယ်လမုကို ရှင်ရသေ့ထံမှ တောင်းလေ၏။ ရှင်ရသေ့သည် သဘောတူ၍ မယ်လမုကို လုလင်ပျိုအား နှင်းအပ်၍ ထိမ်းမြားပေးလေ၏။

ထိမ်းမြား ပေးပြီးသည့်နောက် လ-ရက် အချိန် စေ့သောအခါ သားရတနာ ဖွားမြင်လာလေသည်။ ဖွားမြင်သော အခိုက်တွင် မြေ လျှင်တုန်လှုပ်၏။ ကြယ်အများသည် ကောင်းကင်၌ ပျံကြ၏။ ထို အခါ ထိုသားရတနာသည် ဘုန်း လက်ရုံးပညာနှင့် ပြည့်စုံအံ့ဟု ဆိုကြ

လေ၏။ အရှယ်ရောက်လတ်သော် ထိုသားရတနာသည် သိင်္ဂုတ္တရ ကုန်းကိုမှီ၍ ဥက္ကလာပပြည်ကို တည်ထောင်၏။ ဥက္ကလာပမင်းလည်း ဖြစ်လာလေသည်။

## ၇။ ဓညဝတီ စန္ဒသူရိယမင်း

စန္ဒသူရိယမင်းသည် ရခိုင်ဓညဝတီပြည်တွင် အလွန် ကျော်စောသော မင်းဖြစ်လေသည်။ ထိုမင်းသည် တကောင်းပြည်ကြီး၏ အရှင်ဖြစ်သော အဘိရာဇာမင်းကြီး၏သား ကံရာဇာကြီးမင်းမှ ဆင်းသက်လာသော မင်းဖြစ်သည်။ ထိုမင်းသည် မဟာမုနိ ရုပ်တုတော်မြတ်ကို ကြေးဖြင့် သွန်းလုပ်၍ ကိုးကွယ်ခဲ့လေသည်။

စန္ဒသူရိယ မင်းသားကို မဖွားမြင်မီ ဓညဝတီပြည့်ရှင် ခမည်းတော် သီရိမာလာမင်းသည် စက်တော်ခေါ်ရာ၌ နေနှင့် လကိုဆွတ်၍ မိဖုရား ကြီးအား ပေးသည်ဟု အိပ်မက်မြင်လေသည်။ နံနက် မိုးသောက်၍ မင်းပွဲခံသောအခါ သီရိမာလာမင်းသည် မှူးမတ်တို့အား မိမိ၏အိပ်မက် အကြောင်းကို ပြောပြလေသည်။ ထိုအခါ ပညာရှိ အမတ်တို့က၊အရှင် မင်းမြတ်—နေ လ နှစ်ပါးကို ဆွတ်၍ မိဖုရားကြီးအား ပေးသည်ဟု အိပ်မက် မြင်ခြင်းသည် အလွန် မြတ်လှပါပေသည်။ အရှင်မင်းမြတ် တွင် နေမင်းကဲ့သို့ ဘုန်းရောင် ထွန်းတောက်၍ လမင်းကဲ့သို့ အေးမြ ကြည်လင်သော သားတော် ထွန်းကားမည် မလွဲဟု လျှောက်ကြ လေသည်။

မှူးမတ်တို့က လျှောက်ကြသော စကားကို ကြားသောအခါ

သီရိမာလာ မင်းသည် အမြဲမပြတ် သီတင်း သီလ ဆောက်တည်၍ အလှူဒါန ပြုလေသည်။ မိဖုရားကြီးလည်း မင်းကြီးကဲ့သို့ပင် အမြဲမပြတ် သီတင်းသီလ ဆောက်တည်၍ အလှူဒါန ပြုလေသည်။

အချိန် အခါသို့ ရောက်သော အခါ လပြည့်နေ့ တနေ့ နေအာဝင် လအာထွက် ကောင်းကင်ထက်၌ နေလ နှစ်ပါးလုံး ရှိနေခိုက်တွင် မိဖုရားကြီး၌ ချစ်ဖွယ်ကောင်းသော သားတော်ကို ဖွားမြင်လာလေသည်။



နေမင်းကို သူရိယဟု ခေါ်၍ လမင်းကို စန္ဒဟု ခေါ်ကြရာ နေလ နှစ်ပါးကို . အကြောင်းပြု၍ ထိုသားတော်အား စန္ဒသူရိယ ဟု မင်းကြီးနှင့် မိဖုရားတို့က အမည်မှည့်လေသည်။

## ၈။ ကရင်ခေါင်းဆောင် ထို့မဲပါ

ရှေးသရောအခါ ထို့မဲပါ အကြီးအမှူးပြုသော ကရင် အမျိုးသား တစုသည် မြောက်ဖက် တလွှားတွင် ချမ်းစွာ နေထိုင်ကြလေသည်။ ထို့မဲပါသည် အလွန် ခွန်အားကြီးသူ ဖြစ်၍ တောကျား တောဝက်တို့သည် ထို့မဲပါ၏ နေရာသို့ မလာဝံ့ကြချေ။

တနေ့သော အခါ ထို့မဲပါ၏ အားခွန်ဗလ အကြောင်းကို မသိသော တောဝက်ကြီး တကောင်သည် ထို့မဲပါ နေထိုင်ရာ အရပ်ရှိ ယာခင်းများကို ဝင်၍ ထို့မဲပါ၏ တပည့် သားမြေးများ စိုက်ပျိုးထားသော ကောက်ပဲ သီးနှံတို့ကို ဖျက်ဆီးလေသည်။ တပည့် သားမြေးများလည်း ထို့မဲပါထံလာ၍ အို-ဖခင် – အလွန် ကြောက်မက်ဖွယ်ကောင်းသော တောဝက်ကြီး တကောင်သည် အကျွန်ုပ်တို့၏ ယာခင်းများကို ဖျက်ဆီးလေပြီ။ ထိုတောဝက်ကြီးကို ဆုံးမပါလေ့ဟု တိုင်ကြလေသည်။

ထို့မဲပါလည်း ကောင်းပြီဟု ဆို၍ တောဝက်ကြီးရှိရာသို့ သွားလေ၏။ တောဝက်ကြီးသည် ထို့မဲပါကို မြင်သောအခါ ဒေါသအမျက်ချောင်းချောင်းထွက်၍ မာန်စွယ်ကြီးကို ထုတ်ကာ ထို့မဲပါအား ပက်လေသည်။ သို့ရာတွင် တောဝက်ကြီးက မပက်နိုင်ခင်ပင် ထို့မဲပါသည်




တောဝက်ကြီးကို လက်နက်လေးမြား မသုံးဘဲ မိမိ၏ လက်ရုံးဖြင့် ထိုးသတ်လိုက်ရာ တောဝက်ကြီး သေလေသည်။

တောဝက်ကြီး သေသောအခါ ထိုမဲ့ပါသည် ဝက်မာန်စွယ်ကိုသာ ယူလေသည်။ ထို့နောက် ဝက်မာန်စွယ်ကို ခေါင်းဖြီးသောဖီးငယ် ပြု လုပ်၍ ဆောင်ထားလေသည်။ ဝက်မာန်စွယ်၏ တန်ခိုးကြောင့် ထိုမဲ့ပါ သည် ချက်ခြင်းပင် နုပျိုလာလေသည်။ ခွန်အားဗလလည်း ပို၍ ကြီးလာလေသည်။

နှစ်ပေါင်းများစွာ ကြာသောအခါ ထို့မဲပါ၏ နေရာတွင် လူဦးရေ တိုးတက်လာလေသည်။ အချို့သော တပည့် သားမြေးများသည် ထိုနေရာ၌ မနေလိုကြတော့ချေ။ ထို့ကြောင့် ထိုလူတစုသည် ထို့မဲပါ ထံသို့သွား၍ အို-ဖခင်၊ ဤနေရာကား နေ၍မဆံ့တော့ပါပြီ။ကျွန်တော် တို့ တစုသည် တောင်ဘက် တလွှားသို့ ပြောင်း၍ နေလိုကြပါသည်။ တောင်ဘက် တလွှားတွင် မြစ် ချောင်း အင်း အိုင် များ ပေါသည်။ သားငါး ပေါသည်။ ဆန်စပါး ပေါသည်။ သစ်သီးသစ်ပွင့်လည်း ပေါ သည်ဟု ကြားရပါသည်။ တောင်ဘက်တလွှားသို့ ကျွန်တော်တို့ သွား ပါရစေဟု အခွင့် တောင်းကြလေသည်။

ထိုအခါ ထို့မဲပါက ကောင်းပြီ။ တောင်ဘက် တလွှားသို့ ငါ၏ တပည့် သားမြေးတစု ပြောင်းလိုပါက ငါကိုယ်တိုင် ခေါင်းဆောင်၍ ခေါ် ပါအံ့ဟု ဆိုလေသည်။ ထို့နောက် ထို့မဲပါသည် တပည့် သားမြေး တစုကို ခေါင်းဆောင်၍ တောင်ဘက် တလွှားသို့ ဆင်းလာလေသည်။ လပေါင်း နှစ်ပေါင်း များစွာ ကြာသော အခါ သဲရေ တသွင်သွင် စီးလျက် ရှိသော သဲချောင်းကြီး တခုသို့ ရောက်ကြလေသည်။ တပည့် သားမြေးများသည် သဲချောင်းကြီး၏ ကမ်းပါး၌ ခရုများကို ဖမ်း၍ အိုး၌ ထည့်ကာ ပြုတ်ကြလေသည်။ ကျက်သောအခါ ခရုခွံထဲမှ အသားကို ယူကြလေသည်။ တပည့် သားမြေးများသည် အသားကို ကောင်းစွာ မယူတတ်ကြသဖြင့် အလွန် နှောင့်နှေး ကြန့်ကြာလေ သည်။

ထို့မဲပါသည် နှောင့်နှေးကြန့်ကြာသည်ကို မကြိုက်ချေ။ထို့ကြောင့် ထို့မဲပါက ငါရှေ့က သွားနှင့်မည်။ သွားသော အခါ ငှက်ပျောပင်များ

ကို ခုတ်၍ လမ်းရှင်းသွားမည်။ အသင်တို့ စားသောက် ပြီးကြသော အခါ ငှက်ပျောငုတ်များကို ကြည့်၍ အမှီလိုက်ခဲ့ကြလော့ဟု တပည့် သားမြေးများကို ပြော၍ သွားနှင့်လေသည်။

တပည့် သားမြေးများသည် သဲချောင်းကြီး၏ ကမ်းပါးတွင် ခရုများကို အားရအောင် ဖမ်းကြလေသည်။ ထို့နောက် အားရအောင် ပြုတ်စား၍ နေထိုင်ကြလေသည်။ ထိုသို့ နေထိုင်ပြီးကြသော အခါမှာမှ ထို့မဲပါနောက်သို့ လိုက်ကြလေသည်။ သို့ရာတွင် ထို့မဲပါ ခုတ်ခဲ့သော ငှက်ပျောငုတ်များမှ အညှောက်များထွက်၍ ငှက်ပျောပင်ကြီးများပင် ပြန်ပေါက်နေကြလေပြီ။ ထို့ကြောင့် တပည့် သားမြေးများသည် မသွားတတ်၊ မလာတတ်ဖြစ်၍ သဲချောင်းကြီး၏ ကမ်းပါး အနီးအနားဌ် စခန်းချကြရလေသည်။ ထိုသဲချောင်းကြီးသည် သံလွင်မြစ်ဖြစ်သည် ဟု အချို့က ဆိုကြလေသည်။

ထို့မဲပါမှာကား ဝက်မာန်စွယ် ဖီးကို ဦးခေါင်းဌ် စိုက်ကာ ရှေ့သို့ သွားမြဲတိုင်း သွားလေသည်။

## ၉။ သုဝဏ္ဏဘူမိ သထုံပြည်သို့ ပိဋကတ်ပေစာ ရောက်ခြင်း


အခါတပါးဌ် သုဝဏ္ဏဘူမိ သထုံပြည်တွင် မနုဟာမင်းသည် နန်းစံလျက် ရှိလေသည်။ သထုံပြည်သားတို့သည် ဘုရား၊ တရား၊ သံဃာ၊ ရတနာ သုံးပါးကို ကြည်ညိုကြသူများ ဖြစ်၏။ ငါးပါးသီလ မြဲသူများလည်း ဖြစ်ကြ၏။ သို့ရာတွင် ထိုအခါကသော် ဘုရားဟောတော်မူခဲ့သော ပိဋကတ်သုံးပုံသည် သထုံပြည်ဌ် စာအရေးအသားဖြင့် မရှိသေးချေ။

တနေ့သ၌ ရှင်ဗုဒ္ဓဃောသ မည်သော မထေရ်တပါးသည် သီဟိုဠ်ကျွန်းသို့ သွား၍ ပိဋကတ်စာပေကို ကူးယူမည်ဟု ကြံစည်လေသည်။ ရှင်ဗုဒ္ဓဃောသမထေရ်၏ အကြံအစည်ကို ဓမ္မပါလမင်း ကြားသိသော အခါ အလွန် ဝမ်းမြောက်၍ အထူးထူးသော လှူဘွယ်ဝတ္ထုတို့ဖြင့် ပူဇော်ချီးမြှင့်လေသည်။ ထို့နောက် ရှင်ဗုဒ္ဓဃောသမထေရ်သည် ပုသိမ်မြို့သို့ကြွ၍ ထိုမြို့၏ သင်္ဘောဆိပ်မှ သင်္ဘောစီးလေသည်။ ထိုသင်္ဘောသည် ဘုရားပွင့်တော်မူရာ ဖြစ်သော မဇ္ဈိမ ဒေသသို့ ရှေးဦးစွာ သွားလေသည်။

မဇ္ဈိမ ဒေသသို့ ရောက်သောအခါ ရှင်ဗုဒ္ဓဃောသ မထေရ်သည် မာဂဓဘာသာကို သင်ယူလေသည်။ ထို့နောက် မဇ္ဈိမဒေသ၌ ဖူးမြင်ရသောစေတီကျောင်းတို့၏ပုံစံများကိုပန်းချီရေးဆွဲမှတ်သားလေသည်။ ထို့နောက် သီဟိုဠ်ကျွန်းသို့ သင်္ဘောဖြင့်ပင် ကြွသွားပြန်လေသည်။

သီဟိုဠ်ကျွန်းသို့ ရောက်သောအခါ ရှင်ဗုဒ္ဓဃောသ မထေရ်သည် ရှေးဦးစွာ သီဟိုဠ်ဘာသာကို သင်ယူလေသည်။ တတ်မြောက်သောအခါ အနုရာဓပြည်ရှိမဟာဝိဟာရကျောင်းတိုက်သို့သွား၍ ဆရာတော် သံဃပါလ မထေရ်ကို ကန်တော့လေသည်။ ထို့နောက် တပည့်တော်သည် ပိဋကတ်တော်ကို သီဟိုဠ် ဘာသာမှ မာဂဓဘာသာသို့ ကူးယူလိုပါသည်။ ကူးယူခွင့် ပေးပါဘုရားဟု လျှောက်လေသည်။

ထိုအခါ ဆရာတော်က၊ ငါ့ရှင်သည် သထုံပြည်မှ လာ၍ ပိဋကတ်တော်ကို ကူးယူလိုကြောင်းခွင့်တောင်းသည်ကိုသိရသဖြင့် ဝမ်းမြောက်ပါ၏။ သို့ရာတွင် ငါ့ရှင်သည် ပိဋကတ်တော်အရာ၌ မည်မျှ တတ်မြောက်ပါသနည်း။ ငါ့ရှင်၏ အစွမ်းကို ငါတို့သိပြီးမှသာ ပိဋကတ်




တော်ကို ကူးယူခွင့်ပေးမည်။ ငါ့ရှင်သည် ကျမ်းပြုဦးလော့ဟု မိန့်လေသည်။

ရှင်ဗုဒ္ဓဃောသ မထေရ်လည်း ကောင်းပြီဟု ဝန်ခံ၍ ဝိသုဒ္ဓိမဂ်ဟုခေါ်သော ကျမ်းကြီး တကျမ်းကို ညတွင်းချင်း ပြီးအောင် ပြုလေသည်။ ပြုပြီးသောအခါ အိပ်လေ၏။ အိပ်ရာမှ နိုးလတ်သော် မိမိပြုထားသောကျမ်း မရှိသည်ကို တွေ့ရလေ၏။ ထို့ကြောင့် ဒုတိယအကြိမ် ထပ်မံ၍ ပြုပြန်၏။ ပြုပြီးသောအခါ အိပ်ပြန်၏။ အိပ်ရာမှ

နိုးလတ်သော် ဒုတိယအကြိမ် ထပ်မံပြုသော ကျမ်းလည်း မရှိသည်ကို တွေ့ရပြန်၏။ ထို့ကြောင့် တတိယအကြိမ် ထပ်မံ၍ ပြုရပြန်၏။ မိုးလင်းသော အခါ ထိုကျမ်းကို ရေးပြီးလေသည်။ ရေးပြီးသည်နှင့် တပြိုင်နက် ယခင်ပြုခဲ့ပြီး ဖြစ်သော ကျမ်းနှစ်စောင်ကို ပြန်တွေ့လေသည်။ ကျမ်းသုံးစောင်ကို တိုက်ကြည့်သော အခါ တူနေကြလေသည်။

ရှင်ဗုဒ္ဓဃောသမထေရ်လည်း ကျမ်းသုံးစောင် စလုံးကိုပင် ဆရာတော် သံဃပါလ မထေရ်အား ပြလေ၏။ ဆရာတော်လည်း အံ့သြနှစ်သက်ခြင်းဖြစ်၍ ရှင်ဗုဒ္ဓဃောသ မထေရ်အား ပိဋကတ်တော်ကို ကူးယူခွင့် ပေးလေသည်။

ပိဋကတ်တော်ကို ကူးယူပြီးသော အခါ ရှင်ဗုဒ္ဓဃောသမထေရ်သည် ပိဋကတ်ပေစာများကိုယူ၍ သထုံပြည်သို့ သင်္ဘောဖြင့် ပြန်လာလေသည်။ ထိုသတင်းကို ကြားသောအခါ မင်း မိဖုရားနှင့် တကွ သထုံပြည်သူ လူရှင်အပေါင်းတို့သည် ပိဋကတ်ပေစာနှင့် ရှင်ဗုဒ္ဓဃောသမထေရ်ကို ခမ်းနားတင့်တယ်စွာ ကြိုယူကြလေသည်။ နန်းမြို့သို့ ရောက်သောအခါ ရွှေနန်းတော်ဦး၌ သုဓမ္မာမဏ္ဍပ်ဆောက်၍ ပိဋကတ်ပေစာကို ကောင်းစွာ ထားကြလေသည်။

ထိုအခါမှ စ၍ သထုံပြည်သူ လူရှင်အပေါင်းတို့သည် ထိုသုဓမ္မာမဏ္ဍပ်သို့လာ၍ ပိဋကတ်ပေစာကို ဖတ်ရှုလေ့လာခွင့်ရကြလေသည်။ သထုံပြည်၏ အရှေ့ဘက်၊ မြောက်ဖက်တို့၌ ရှိသော အိမ်နီးချင်း တိုင်းပြည်များမှ ရဟန်းသံဃာ များသည်လည်း သထုံပြည်သို့လာ၍ ပိဋကတ်တော်ကို လေ့လာ ကူးယူကြလေသည်။

## ၁၀။ တကောင်းပြည်မှ သရေခေတ္တရာပြည်သို့

အထက်အညာ ဧရာဝတီမြစ်ကမ်းပါးတွင် တကောင်းပြည်ဟူ၍ ရှိလေသည်။ တကောင်းပြည်တွင် သတိုးမဟာရာဇာမင်းကြီး နန်းစံစဉ်အခါ တနေ့သ၌ အလွန်ဆိုးသွမ်းသော တောဝက်တကောင်သည် တကောင်းပြည် အနီးအနားရှိ ရွာများကို ဖျက်ဆီးလေသည်။ သတိုးမဟာရာဇာမင်းကြီးလည်း ယောက်ဖတော် အိမ်ရှေ့မင်းကို ခေါ်၍ ထိုတောဝက်၏ရန်ကို တိုက်ဖျက်ရမည်ဟု မိန့်တော်မူလေသည်။

မင်းကြီး၏ ယောက်ဖတော် အိမ်ရှေ့မင်းသည် တကောင်းပြည်မှ ခွါ၍ တောဝက်နောက်သို့ လိုက်လေ၏။ တောဝက်သည် အိမ်ရှေ့မင်းကို ကြောက်သဖြင့် ပြေးလေ၏။ ရက်ပေါင်းများစွာ ကြာသောအခါ ဧရာဝတီမြစ်ကမ်းသို့ ရောက်လေ၏။ အိမ်ရှေ့မင်းလည်း တောဝက်၏နောက်သို့ လိုက်လေ၏။ နောက်ထပ် ရက်ပေါင်းများစွာ ကြာပြန်သော အခါ တောဝက်သည် ဧရာဝတီမြစ်ဝသို့ရောက်၍ ထိုမြစ်ဝ၌ ရှိသော ကျွန်းငယ်တခုဆီသို့ ကူးပြေးလေ၏။ အိမ်ရှေ့မင်းသားလည်း ကျွန်းငယ်ဆီသို့ပင် ကူးလေ၏။ ထို့နောက် တောဝက်ကို ခွင်းလေ၏။ တောဝက်သေသောအခါ အိမ်ရှေ့မင်းသည် တကောင်းပြည်သို့ မပြန်တော့ဘဲ ထိုကျွန်းငယ်၌ပင် ကျောင်းသခ်မ်းဆောက်၍ ရသေ့ရဟန်းပြုကာ ငြိမ်းချမ်းစွာနေလေသည်။

ဧရာဝတီမြစ်ဝရှိ ဒေသတွင် ပျူလူမျိုးတို့ နေထိုင်ကြလေသည်။ ပျူတို့သည် ကျွန်းငယ်၌ ရသေ့ကြီးကို မြင်သောအခါ အလွန်ကြည်ညို

ကြလေသည်။ ထို့ကြောင့် ကျွန်းငယ်သို့ ကူး၍ သစ်သီးများကို ရသေ့ကြီးအား လှူလေ့ရှိကြလေသည်။

တနေ့သော် ရသေ့ကြီးသည် မိမိ၏ ကျောင်းသခ်မ်း အနီးတွင် ကလေးငိုသံ ကြားရသဖြင့် ရှာဖွေရာ အဆင်းလှသော လူမိန်းမငယ် တဦးကို တွေ့လေသည်။ ရသေ့ကြီးလည်း ထိုလူမိန်းမငယ်ကို သမီးအဖြစ်ဖြင့် ကောက်ယူ မွေးစားလေသည်။ ဘေဒါရီ ဟူ၍လည်း အမည်ပေးလေသည်။ ဘေဒါရီသည် အရွယ်ရောက်သောအခါ ရေဆိပ်သို့ ဆင်း၍ ဗူးငယ်ဖြင့် ရေခပ်လေ့ရှိ၏။ နေညိုညိုအချိန်သို့ ရောက်သောအခါမှာ မှသာ ကျောင်းသခ်မ်းသို့ ပြန်လာလေ့ရှိ၏။

တနေ့သော် ဗေဒါရီသည် ရေဆိပ်၌ ရေခပ်နေစဉ် ဖောင်တခုသည် ရေဆိပ်သို့ လာ၍ ဆိုက်လေသည်။ ဖောင်ပေါ်တွင် လုလင်ပျိုနှစ်ဦး ပါလာလေသည်။ ထိုလုလင်ပျို နှစ်ဦးသည် ကြည်လင်သော ရုပ်လက္ခဏာလည်း ရှိ၏။ ခွန်အားဗလနှင့်လည်း ပြည့်စုံ၏။ ဓား လှံ လေးမြားတို့ကိုလည်း ကိုင်စွဲလျက် ရှိလေသည်။ ထိုလုလင်ပျိုနှစ်ဦးသည် အခြားမဟုတ်။ တကောင်းပြည့်ရှင် သတိုးမဟာရာဇာ မင်းကြီး၏ သားတော် နှစ်ပါးဖြစ်လေသည်။ နောင်တော်၏ အမည်မှာ မဟာသမ္ဘဝဖြစ်၍၊ ညီတော်၏ အမည်မှာ စူဠသမ္ဘဝဖြစ်လေသည်။

ဘေဒါရီသည် ညီနောင်နှစ်ပါးကို မြင်သောအခါ အဖရသေ့ကြီး၏ ကျောင်းသခ်မ်းသို့ အလျင်အမြန်ပြန်၍ လုလင်ပျို နှစ်ဦး၏အကြောင်းကို ရသေ့ကြီးအား လျှောက်လေသည်။ ရသေ့ကြီးလည်း လုလင်ပျို နှစ်ဦးကိုခေါ်၍ မေးရာ မဟာသမ္ဘဝနှင့် စူဠသမ္ဘဝတို့သည် မိမိတို့၏ အကြောင်းစုံကို လျှောက်ကြလေသည်။ ရသေ့ကြီးသည် ညီနောင်




နှစ်ပါး၏ စကားကို ကြားသောအခါ အမောင်တို့၏ မယ်တော်သည် ငါ၏ နှမတော်ဖြစ်၍ အမောင်တို့သည် ငါ၏ တူအရင်းများသာတည်း ဟုမိန့်တော်မူလေသည်။ ထို့နောက် တူတော် မဟာသမ္ဘဝနှင့် သမီးတော် ဘေဒါရီတို့ကို စုံဖက်ပေးတော်မူလေသည်။ မိမိ၏ကျွန်းငယ်၌ ရသေ့မြို့ကိုလည်း တည်လေသည်။

နှစ်ပေါင်း လေးဆယ့်တနှစ်မျှ ကြာမြင့်သောအခါ မြေလျှင် ကြီးစွာ လှုပ်လေသည်။ ထိုအခါ ဖိုးဦးမော် အရပ်၌ အင်းကြီးပေါ်

လာလေ၏။ အထက်အညာတွင် စမုန်မြစ် ဟု ခေါ်သောမြစ်သည် ဖြစ်ထွန်း၍ ပုပ္ပါးတောင်ဟုခေါ်သော တောင်သည် မြေမှ စွန့်စွန့် တက်လာလေသည်။ ရသေ့ကြီး နေထိုင်သော ကျွန်းငယ်၏ ပတ်ဝန်း ကျင်ရှိ ပင်လယ်ရေသည် ခန်းခြောက်၍ ကုန်းမြေ ဖြစ်လာလေသည်။ ထိုကုန်းမြေ သစ်၏ နေရာတခု၌ ဒွတ္တဘောင်အမည်ရှိသော မင်းသည် သရေခေတ္တရာ ပြည်ကြီးကို တည်တော်မူလေသည်။

## ၁၁။ ဘဝင်မမြင့်သော တေပါးမင်း

သရေခေတ္တရာပြည်တွင် ထူးဆန်းသော ကြက်ဖ တကောင် ရှိလေ၏။ တနေ့သ၌ ထိုကြက်ဖသည် ကျောင်းသင်္ခမ်းတခု၏ အနီးတွင် ငါ့ ဦးခေါင်းစား တေပါး မင်းဖြစ်လတ္တံ့။ ငါ့ဦးခေါင်းစား တေပါး မင်း ဖြစ်လတ္တံ့ဟု တွန်လေ၏။ ထိုအခါ ထိုကျောင်းမှ ဆရာရဟန်းသည် ထိုကြက်ဖ၏ တွန်သံကို ကြား၍ ထူးဆန်းလေစွဟု ဆိုပြီးနောက် ကျောင်း၌ စာသင်နေသော မောင်ရှင်ငယ်ကို ခေါ်လေ၏။ မောင်ရှင် ငယ်ရောက်သောအခါ ဆရာရဟန်းသည် ကြက်ဖကို မောင်ရှင်ငယ် အားပြ၍ ဤကြက်ဖ၏ တွန်သံသည် ထူးဆန်းလှ၏။ ဤကြက်ဖကို ချက်၍ ငါ့အား ကပ်လော့ဟု မိန့်လေ၏။

မောင်ရှင်ငယ်သည် ဆရာဆိုတိုင်း ကြက်ဖကို ချက်လေ၏။ ချက်ပြီးသောအခါ ကြက်သားဖတ်များကို ဟင်းအိုးမှ ဆယ်လေ၏။ ထိုအခါ ကြက်ဖ၏ ခေါင်းပိုင်းသည် စဖို၌ ကျ၍ ပြာလူးလေ၏။ မောင်ရှင်ငယ်လည်း ဤခေါင်းပိုင်းသည် မသန့်ပြီ။ ဆရာရဟန်း



တေပါးလုလင်အားဆုံးမခန်း

စား၍ မတော်ပြီဟု ဆိုလျက် ထိုခေါင်းပိုင်းကို ရေဆေး၍ စားလိုက်လေ၏။

ထို့နောက် မောင်ရှင်ငယ်သည် ကြက်သားဟင်းကို ဆရာရဟန်းအား ကပ်လေ၏။ ဆရာရဟန်းသည် ကြက်ဖ၏ ခေါင်းပိုင်းကို မမြင်သဖြင့် မောင်ရှင်ငယ်အား မေးလေ၏။ မောင်ရှင်ငယ်က၊ စဖို၌ ကျ၍ ပြာလူးသဖြင့် မသန့်ပြီ။ တပည့် စားလိုက်ပြီဟု ဆိုလေ၏။ ဆရာရဟန်းလည်း မည်သို့မျှမဆိုဘဲ ဆိတ်ဆိတ်နေလေ၏။

နောက်တနေ့ မိုးသောက်လတ်သော် ဆရာရဟန်းသည် မောင်ရှင်ယော်ကိုခေါ်၍ ငါ့တပည့်၊သင်သည် မင်းဖြစ်လတ္တံ့ ။ သို့ရာတွင် ပညာကို ကြိုးစား၍ သင်ရမည်။ သီလမြဲရမည်။ သည်းခံတတ်ရမည်။ ချစ်ဖွယ်သော စကားကို ဆိုရမည် ဟု ဆုံးမလေသည်။ မောင်ရှင်ယော်လည်း ဘဝင်မမြင့်။ ဆရာရဟန်း ဆိုဆုံးမသည့်အတိုင်း ပညာကို ကြိုးစား၍ သင်၏။ သီလကိုမြဲ၏။ သည်းခံ၏။ ချစ်ဖွယ်သော စကားကိုဆို၏။

ဆရာရဟန်းသည် မောင်ရှင်ယော်၌ ပညာလည်းစုံပြီ။ သီလလည်း မြဲပြီ။ သည်းခံခြင်းကိုလည်းတတ်ပြီ၊ ချစ်ဖွယ်သော စကားကိုလည်း ဆိုတတ်ပြီဟု သိသောအခါ မောင်ရှင်ယော်ကို လူထွက်စေ၍ အမတ် စစ်သူကြီး တဦးထံ၌ အပ်လေ၏။ အမတ် စစ်သူကြီးသည် မောင်ရှင် ယော်၏ အမူအရာကို မြင်သောအခါ ချစ်ခင်ချီးမွမ်း၍ သားပြုလေ၏။ သွားလေရာရာသို့လည်း ခေါ် သွားလေ၏။

အခါတပါး၌ အမတ်စစ်သူကြီးသည် မောင်ရှင်ယော်ကို အဖိုးထိုက် သော အဝတ်တန်ဆာ ဆင်၍ သရေခေတ္တရာ ပြည့်ရှင်မင်း၏ နန်း တော်သို့ ခေါ် သွားလေ၏။ မင်းလည်း မောင်ရှင်ယော်၏ အမူအရာ ကို မြင်သောအခါ အလွန်နှစ်သက်၏။ မောင်ရှင်ယော်၏ ပညာကို သိ သောအခါ အလွန် ချီးကျူး၏။ မောင်ရှင်ယော်၏ သီလကို သိသော အခါ အလွန် ဝမ်းမြောက်၏။ မောင်ရှင်ယော်၏ သည်းခံခြင်းတရားကို သိသောအခါ အလွန် ကြည်ညို၏။ မောင်ရှင်ယော်၏ ချစ်ဖွယ်သော စကားကို ကြားသောအခါ အလွန်ချမ်းမြေ့၏။ မင်းလည်း၊ ဤသူ ယော်ကား ပြည်ထဲရေး ကိစ္စတို့ကို ဆောင်နိုင်အံ့ဟု ကြံ၍ အမတ် စစ်သူ ကြီးထံမှ တောင်းလေ၏။ ထို့နောက် ပြည်ထဲရေး ကိစ္စတို့ကို ဆောင်

ရှက်စေ၏။ ထိုအခါ မင်းသည်သာမက အမတ်ဗိုလ်ပါ ပြည်သူရဟန်းတို့သည်လည်း မောင်ရှင်ငယ်ကို လိုလားကြကုန်၏။ ထို့ကြောင့် မင်းသည် မောင်ရှင်ငယ်အား အိမ်ရှေ့ အရာကို ပေးလေ၏။


သရေခေတ္တရာ ပြည့်ရှင်မင်း လွန်သောအခါ ပြည်သူ လူရဟန်းတို့သည် အိမ်ရှေ့မင်းကို ကြည်ဖြူပြီး ဖြစ်ကြသဖြင့် မင်းမြှောက်ကြလေ၏။ မင်းဖြစ်သောအခါ ဝေပါးမင်းဟု တွင်လေ၏။

## ၁၂။ မိခင်ကို မြတ်နိုးသော ရွှေရွက်ဝါ ရှမ်းမင်းသား

ရောဝတီမြစ်၏ မြစ်လက်တက် တခု ဖြစ်သော ရွှေလီမြစ်ကို ရှေးအခါ ကသော် မောမြစ်ဟု ခေါ်လေသည်။ ရှမ်းလူမျိုးတို့သည် ထိုမောမြစ်ဝှမ်းဒေသ၌ နေထိုင်ကြလေသည်။ ထိုဒေသတွင် ခွန်အဲ အမည်ရှိသော ရှမ်းလုလင်ပျိုတဦးသည် ရေကန် တခု၏ အနီး၌ မိမိ၏ နွားများကို ကျောင်းလေ့ ရှိလေသည်။ တနေ့သောအခါ ခွန်အဲသည် ရေကန်ထဲတွင် နဂါးမတဦးကိုမြင်၏။ နဂါးမကလည်း ခွန်အဲကို မြင်၏။ ထိုအခါ ခွန်အဲနှင့် နဂါးမတို့ ချစ်ကြိုက်ကြလေသည်။

လပေါင်း များစွာ ကြာမြင့်သော် နဂါးမသည် ဖွေးဖွေးဖြူသော ဥတလုံးကို ဥလေ၏။ ထိုအခါ နဂါးမက ဖွေးဖွေးဖြူသော ဤဥမှ လူသူငယ် ဖွားမြင်ပါလိမ့်မည်။ ထို လူသူငယ်သည် အမောင်၏ သားပင် ဖြစ်သည်။ အကျွန်ုပ်မှာ အချိန်တန်သဖြင့် နဂါးပြည်သို့ ပြန်ရပါတော့မည်။ အမောင်သည် ဤသားငယ်ကို ကျွေးမွေး ပြုစုပါလော့ဟုဆို၍ နဂါးပြည်သို့ ပြန်လေသည်။

ခွန်အဲသည် ဖွေးဖွေးဖြူသော ဥကို ရွှေအဆင်း ရှိသော သစ်ရွက်များဖြင့် ဖုံးအုပ်၍ စောင့်ရှောက်လေသည်။ အချိန်တန်သော အခါ ထိုဥမှ လူသူငယ်တဦး ဖွားမြင်လာလေသည်။ ထိုလူသူငယ် ကြီးပြင်းလာသောအခါ အဖ ခွန်အဲသည် သားငယ်အား ခွန်ထွန်းခမ်းဟု အမည်ပေးလေသည်။ ရှမ်းဘာသာ ခွန် ဆိုသည်မှာ မင်းသားဖြစ်သည်။ ထွန်းခမ်းဆိုသည်မှာ ရွှေရွက်ဝါဖြစ်သည်။ ခွန်ထွန်းခမ်းသည် အရွယ်ရောက်လတ်သော် အမိ နဂါးမ၏ တိုင်းပြည်သို့ သွားလေသည်။ အမိ



ခွန်ထွန်းခမ်းသည်နဂါးမကိုခေါ်ခန်း

နဂါးမသည် သားကို ချစ်မြတ်နိုးသဖြင့် အလွန်တန်ခိုးကြီးသော ဆေးကြိမ်လုံးကို ပေးလေသည်။ လူကလေး ခွန်ထွန်းခမ်း–လူကလေး၌ အခက်အခဲကြုံလာခဲ့သော် မိခင်ကိုတ၍ ဆေးကြိမ်လုံးဖြင့် မြေကြီးကို သုံးကြိမ်ရိုက်ပါ။ မိခင်သည် လူကလေးထံသို့ လာခဲ့မည်ဟုလည်း မှာလိုက်လေသည်။ ခွန်ထွန်းခမ်းလည်း ဆေးကြိမ်လုံးကို ယူကာ မောမြစ်ဝှမ်းဒေသသို့ ပြန်လာ၍ ဖခင်နှင့် အတူ နေလေသည်။

မောမြစ်ဝှမ်းဒေသ၏ မြောက်ဖက်တွင် မိုင်းစဲ့လုံဟု ခေါ်သော ရှမ်းမြို့ တမြို့ ရှိလေသည်။ ထိုမြို့၌ နန်းစံလျက် ရှိသော ရှမ်းမင်း တပါးတွင် အလွန် ချောမောလှပသော သမီးတော်တပါး ရှိလေသည်။ ထိုမြို့၏ ပတ်ဝန်းကျင်တွင် ရှမ်းမြို့ အမြောက်အမြားရှိရာ ထိုမြို့များရှိ ရှမ်းမင်းသား အပေါင်းတို့သည် မိုင်းစဲ့လုံ မင်းသမီး၏ အချော အလှ သတင်းကို ကြား၍ ထိုမင်းသမီးကို ပေးပါဟု တောင်းကြလေသည်။

ထိုအခါ ဉာဏ်ပညာနှင့်ပြည့်စုံသောမိုင်းစဲ့လုံမင်းကြီးသည် ရေအိုင်ကြီးတခု အတွင်းရှိ ကျွန်းငယ်တခုပေါ်တွင် နန်းပြာသာဒ် တဆောင်ကိုဆောက်စေ၍ သမီးတော်ကို ထိုနန်းပြာသာဒ်၌ နေစေလေသည်။ ထို့နောက် မင်းကြီးသည် ရှမ်းမင်းသားများကို ခေါ်၍ နန်းပြာသာဒ်ဆောင်တွင် ငါ၏ သမီးတော်သည် တပါးတည်းစံနေပြီ။ သင်မင်းသားတို့သည် ထိုနန်းပြာသာဒ်သို့ လှေဖြင့် လှော်ခတ်၍လည်း မသွားရ။ တံတားဆောက်၍လည်း မသွားရ။ ခြေကိုလည်း ရေမစိုစေရ။ ထိုသို့ မသွားဘဲ၊ ခြေကိုရေမစိုစေဘဲ၊ ကျွန်းငယ်သို့ ရောက်သော သူသည် ဘုန်းကြီးသောသူ ဖြစ်ရာသည်။ ထိုသူ့အား ငါ၏ သမီးတော်ကို ပေး


အံ့ဟု ဆိုလေသည်။ မင်းသားတို့လည်း လူသာမန်တို့ မပြုနိုင်သောအမှု ဖြစ်သောကြောင့် လက်လျှော့ကြရလေ၏။

ခွန်ထွန်းခမ်းသည် ဖခင်ခွန်အဲကို ကန်တော့၍၊ဖခင်....ကျွန်တော်၌ မိခင်၏ ဆေးကြိမ်လုံး ရှိပြီ။ မိခင်၏ကျေးဇူးကြောင့် မင်းသမီးကို ကျွန်တော် ရမည် ဖြစ်ပါသည်။ သွားပါအံ့ဟု ခွင့်ပန်၍ မိုင်းစဲ့လုံသို့ သွားလေသည်။ ရောက်သောအခါ ခွန်ထွန်းခမ်းသည် မိခင်ကို ရည်မှန်း၍ကန်တော့လေသည်။ထို့နောက်မိခင်၏ဆေးကြိမ်လုံးဖြင့်မြေကြီးကို သုံးကြိမ်ရိုက်ရာ မိခင်နဂါးမပေါ်လာလေသည်။ မိခင်နဂါးမလည်း သား၏အလိုဆန္ဒကို သိသောအခါ နဂါး၏ အသွင်ကိုယူ၍ အိုင်ကမ်းပါးမှ ကျွန်းငယ်အထိ ကိုယ်ကိုစင်းပေးလေသည်။ ထိုအခါ ခွန်ထွန်းခမ်းသည် ခြေကို ရေမစိုစေဘဲ၊ မိခင်၏ ကျောပေါ်တွင် လျှောက်သွားရာ နန်းပြာသာဒ်ဆောင်သို့ ရောက်၍ မင်းသမီးနှင့် တွေ့လေသည်။

မိုင်းစဲ့လုံ မင်းလည်း ဤလုလင်ကား အံ့ဘွယ်သူရဲ ပေတကားဟု ဆို၍ မိမိ၏ သမီးတော်ကို ခွန်ထွန်းခမ်းအား အပ်နှင်းလေသည်။ ထို့ပြင် ဆင် မြင်း ဗိုလ်ပါ အမြောက်အမြားကိုလည်း ပေးအပ်၍ မောမြစ်ဝှမ်းဒေသ၌ မင်းပြုစေသည်။ထိုအခါမှစ၍ မောရှမ်းပြည်ဟု တွင်လေသည်။

## ၁၃။ ဗြမ္မဒ္ဒရီမင်း၏ သတော်ဆိပ်မြို့

တနင်္သာရီမြစ် စီးဆင်းရာ ဒေသတွင် ရှေးအခါကသော် ဗြမ္မဒ္ဒရီ အမည်ရှိသော မင်းသည် ကြက္ကလင်းမြို့၌ နန်းစံလျက် ရှိလေသည်။ တနေ့သောအခါ ထိုမင်းသည် စပါးဆန်ရေ ပေါများ၍ ကုန်စည် အရောင်း




အဝယ်ရှိမှသာလျှင် တိုင်းပြည် စည်ကား သာယာနိုင်မည် ဟု အကြံ တော် ဖြစ်လေသည်။

ကြက္ကလင်းမြို့၏ အရှေ့ဘက်တွင် ကျယ်ပြန့်သော မြေပြင်လည်း ရှိ၏။ တောကြီး တောင်ကြီး များလည်း ရှိ၏။ ကျွန်းကြီး ကျွန်းငယ် များလည်း ရှိ၏။ ကျယ်ပြန့်သော မြေပြင်တွင် စပါး အမြောက်အမြား စိုက်ပျိုးနိုင်သည်။ တောကြီး တောင်ကြီးများတွင် အကျော်၊ စမ္မာ၊ ကရမက် စသော နံ့သာပင်များနှင့် ဒူးရင်းသီး၊ မင်းကွပ်သီး၊ ရှေင်မ်းသီး

စသော သစ်သီးများကို မှီဝဲ သုံးစွဲနိုင်၍၊ ခဲမဖြူကိုလည်း တူးဖော် သုံးစွဲနိုင်သည်။ ကျွန်းကြီး ကျွန်းငယ်များတွင် ရေမှဖြစ်သော မုတ်ပုလဲ ရတနာနှင့် လက်ျာရစ် ခရုသင်း အမြောက်အမြားကို ရနိုင်လေသည်။

ထို့ကြောင့် ဗြဟ္မဒတ္တရှိမင်းသည် ကြက္ကလင်းမြို့၏ အရှေ့ဘက်သို့သွား၍ မြို့သစ်တည်လိုသည်ဟု မှူးမတ်များအား အမိန့်ရှိလေသည်။ မှူးမတ်များလည်း ကြက္ကလင်းမြို့၏ အရှေ့ဘက်၌ မြို့တည်ရန် မြေရာကို ရှာကြလေသည်။ ထိုအခါ ကြံ့ကြီးတကောင်သည် တောအုပ်မှ ထွက်လာ၍ မိမိ၏ ကိုယ်ကို ပြလေသည်။ ထို့နောက် ကြံ့ကြီးသည် တတောင်တက် တတောင်ဆင်း ပြုကာ မြေပြင်ဆီသို့ ဆင်း၍ ပျောက်ကွယ် သွားလေသည်။ မှူးမတ်တို့သည် ကြံ့ကြီးနောက်သို့ လိုက်၍ ကြံ့ကြီး ပျောက်ကွယ်သွားရာဆီသို့ ရောက်သောအခါ ကျယ်ပြန့်သော မြေပြင်ကို မြင်ကြရလေသည်။ မြေပြင်၏ တဖက်တွင် တောကြီးတောင်ကြီးများရှိ၍ အခြား တဖက်တွင် ကျွန်းကြီး ကျွန်းငယ်များ ရှိလေသည်။

မှူးမတ်တို့သည် ငါတို့ အရှင်မင်းကြီး၏ အကြံတော်ကို နတ်တို့ သိသောကြောင့် ဤနေရာသို့ ရောက်အောင် ကြံ့ယောင်ဆောင်၍ လမ်းပြ ပေသည်။ ဤနေရာ၌ မြို့သစ်တည်ရသော် သင့်၏ ဟု ဆို၍ မြို့သစ်ကို တည်ကြလေသည်။ ပြီးသောအခါ ထိုမြို့သစ်ကို ထောင့်ကွာ မြို့ဟု အမည်ပေးကြလေသည်။ ထောင့်ကွာမြို့၏ အရှေ့မျက်နှာတွင် ကျွန်းကြီး ကျွန်းငယ်များရံလျက် ရှိရာ ဆိပ်ကမ်းသည် အလွန် သာယာလေသည်။ အနောက်မဇ္ဈိမဒေသမှ ကုန်သည်များသည် လှေ၊ ကတ္တူ၊ ရွက်သင်္ဘောတို့ဖြင့် ထောင့်ကွာမြို့သို့ လာ၍ အဖိုးတန်သော မုတ်ပုလဲ ရတနာများနှင့် အကျော်၊ စမွာ၊ ကရမက်တို့ကို ဝယ်ကြလေသည်။

မိမိတို့၌ ပါလာသော အဝတ်ပုဆိုး အမျိုးမျိုးကိုလည်း ထောင့်ကွာမြို့၌ ရောင်းကြလေသည်။

ထို့ကြောင့် ထောင့်ကွာမြို့တွင် ကုန်သည်များ ထွန်းကားလာကြ၍ အိမ်ကြီး အိမ်ငယ် ဆောက်ကာ နေထိုင်ကြလေသည်။ ဤသို့ဖြင့် ထောင့်ကွာမြို့သည် စည်ကား သာယာ လာလေသည်။

## ၁၄။ ကျောက်နီ နှင့် ကျောက်စိမ်း


တရံရောအခါ နေ နတ်သားသည် မောမြစ်ဝှမ်း ဒေသသို့ ဆင်းလာရာ ထိုဒေသတွင် နဂါးမတဦးနှင့် တွေ့လေသည်။ နေနတ်သားသည် နီရဲသော အဆင်တန်ဆာကို ဝတ်ဆင်သည်။ နဂါးမသည် စိမ်းလဲ့သော အဆင်တန်ဆာကို ဝတ်ဆင်သည်။ နေနတ်သားနှင့် နဂါးမတို့ တွေ့ကြသောအခါ ချစ်ကြိုက်ကြ၍ အတူတကွ နေထိုင် ကြလေသည်။

ရက်လ အတန်ကြာသောအခါ နေနတ်သားသည် အထက်ကောင်းကင်ရှိ မိမိ၏ နေရာသို့ ပြန်ရလေသည်။ နဂါးမလည်း ရေအောက်ရှိ မိမိ၏ နေရာသို့ ပြန်ရလေသည်။ မပြန်ခင် နဂါးမသည် ဖွေးဖွေးဖြူသော ဥသုံးလုံးကို ဥ၍ ထားခဲ့လေသည်။ ဥသုံးလုံး အနက် တလုံးကို မိုးကောင်းအရပ်၌ ဥခဲ့သည်။ တလုံးကို မိုးကုတ်အရပ်၌ ဥခဲ့သည်။ ကျန်တလုံးကို ရောဝတီ မြစ်ကမ်းပါး၌ ဥခဲ့လေသည်။

မိုးကောင်း အရပ်၌ ဥခဲ့သော ဥသည် အချိန်မစေ့မီ ကွဲ၍ ဥ၏ အနှစ်အကာတို့သည် မြေကြီးထဲသို့ စိမ့်ဝင်ကြလေသည်။ နောင်အခါတွင် ထိုအရပ်၌ မြေကြီးကို တူးဖော်ကြသောအခါ ကျောက်စိမ်းများ

ကို တွေ့ရလေသည်။ မိုးကုတ်အရပ်၌ ဉခဲ့သော ဉသည်လည်း အချိန်မစေ့မီပင် ကွဲ၍ ဉ၏ အနှစ်အကာတို့သည် မြေကြီးထဲသို့ပင် စိမ့်ဝင်ကြလေသည်။ နောင်အခါတွင် ထိုအရပ်၌ မြေကြီးကို တူးဖော်ကြသော အခါ ပတ္တမြားကျောက်နီများကို တွေ့ရလေသည်။

တတိယ ဉသည် ဧရာဝတီမြစ်၌ မျော၍ ညောင်ဦးကမ်းပါး၌ တင်လေသည်။ ထိုဉသည် မြေငွေ့ကို ဝဝလင်လင် လှုံရသဖြင့် အချိန်စေ့မှ ပင် ကွဲလေသည်။ ကွဲသောအခါ လူသူငယ် တဦး ဖွားမြင် လာလေ



သည်။ ထို လူသူငယ်သည် နောင်အခါတွင် ပျူစောထီးမင်း ဖြစ်လာလေသည်။

## ၁၅။ မြန်မာဥ နှင့် ချင်းဥ

ရှေးသရောအခါ ကမ္ဘာစောင့် နတ်မင်းသည် လူ့ပြည်သို့ ဆင်းလာ၍ ဖွေးဖွေးဖြူသော ဥနှစ်လုံးကို ဥလေသည်။ ဥတလုံးကို ဧရာဝတီ မြစ်၏ အရှေ့ဘက်ကမ်းတွင် ဝါခင်းတခု၌ ထား၍ အခြား ဥတလုံးကို ဧရာဝတီ မြစ်၏ အနောက်ဖက် ကမ်းတွင် ကြေးနီဗူးတခု၌ ထားပြီးလျှင် မိုးကောင်းကင်သို့ တက်သွားလေသည်။

ဝါခင်းထဲ၌ ရှိသော ဥသည် ဝါဂွမ်း၏ အပူအငွေ့ကြောင့် အချိန်တန်သောအခါ ထိုဥမှ မြန်မာ လူသူငယ်များ ပေါက်ဖွား လာကြလေသည်။ ထိုလူသူငယ် များသည် ကြီးပြင်းလာသော အခါ ဧရာဝတီ မြစ်၏ အရှေ့ဘက်ကမ်း၌ပင် ရွာအမြောက်အမြား တည်ထောင်၍ နေထိုင် ကြလေသည်။ ထိုအခါ ကမ္ဘာစောင့် နတ်မင်းသည် မြန်မာ ရွာသားများအား ကျွဲ နွားများကို ပေးလေသည်။ ထို့ကြောင့် မြန်မာ ရွာသားများသည် ကျွဲ နွားများဖြင့် လယ်ထွန်၍ ကောက်ပဲ သီးနှံများကို စိုက်ပျိုးကြလေသည်။

ကြေးနီဗူးထဲ၌ ရှိသော ဥသည် ကြေးနီ၏ အအေးငွေ့ကြောင့် မပေါက် မဖွားနိုင်ရှိလေ၏။ ထို့နောက် ထိုဥသည် ရေမှာ မျောလေ၏။ တနေ့သ၌ ငှက်တော်တကောင်သည် ထိုဥကို မြင်၍ ရေမှ ဆယ်ပြီးလျှင် ဝါးရုံပင်ပေါ်ရှိ မိမိ၏ အသိုက်၌ ထားလေသည်။ ငှက်တော်သည် ထို




ဥပေါ်တွင် ဝပ်လျှော့ရှိရာ ငှက်တော်၏ ရင်ငွေ့ကြောင့် ချင်းလူသူငယ်များ ပေါက်ဖွားလာကြလေသည်။

ထိုလူသူငယ်များသည် ကြီးပြင်း လာသော အခါ ဝါးရုံပင်များ ပေါက်ရာ တောင်ခြေ တောင်ခါးပန်းများ၌ ရွာအမြောက်အမြား တည်ထောင်၍ နေထိုင် ကြလေသည်။ ထိုအခါ ကမ္ဘာစောင့် နတ်မင်းသည် ချင်းရွာသားများအား ဆင် မြင်းများကို ပေးလေသည်။ ထို့ကြောင့် ချင်းရွာသားများသည် ဆင်မြင်းများကို စီး၍ တောအနှံ့

တောင်အနှံ့ လှည့်လည် ကြလေသည်။ စပါးစိုက်ချိန် ကျသော အခါ တောရှင်း၍ တောင်ယာ လုပ်ကြလေသည်။

နောင် အခါတွင် မြန်မာနှင့် ချင်းတို့သည် ပြန်တွေ့ကြ၍ ကျွဲ နွား ဆင် မြင်းတို့ကို လဲလှယ်ကာ အသုံးပြုကြလေသည်။

## ၁၆။ စုံစမ်းတတ်သော ကချင် လုလင်ပျို ခုံထွေး

မေခနှင့် မလိခ မြစ်တို့ မြစ်ဖျားခံရာ ဒေသတွင် မဂျွေး ရှင်ဂရာ ဘုံ အမည် ရှိသော တောင်ကြီး တခု ရှိ၏။ ထိုတောင်ကြီးတွင် ဖွေးဖွေးဖြူ သော နှင်းခဲများသည် ဖုံးအုပ်လျက် ရှိ၏။ ထိုတောင်ကြီးတွင် ကချင် လုလင်ပျို ခုံထွေးသည် မိဘ ဆွေမျိုးများနှင့် နေထိုင်လေသည်။

အခါ တပါး၌ ခုံထွေးနှင့် မိဘ ဆွေမျိုးများသည် မြစ်ချောင်း ပေါ သော တောင်ဘက် တလွှားသို့ ပြောင်းကြလေသည်။ မြစ်တခုသို့ ရောက်သောအခါ စခန်းချ၍ နေကြလေသည်။ တနေ့သ၌ ခုံထွေး သည် မြစ်၏တဖက်ကမ်းရှိ တောအုပ်မှ မီးခိုးတလူလူ ထွက်နေသည်ကို မြင်လေသည်။ ညအချိန် ရောက်သောအခါ မီးခိုး တလူလူ ထွက်သော နေရာမှပင် မီးရောင်လင်းနေသည်ကို မြင်ရပြန်လေသည်။

ခုံထွေးနှင့် မိဘဆွေမျိုးများသည် မီးခိုးကို ယခင်ကမမြင်ဘူးချေ။ မီးရောင်ကိုလည်း ယခင်က မမြင်ဘူးချေ။မိဘဆွေမျိုးများသည် စခန်း သစ်သို့ ရောက်နေကြသည် ဖြစ်ရာ ထိတ်လန့် ကြလေသည်။ ခုံထွေး သည်ကား ထိတ်လန့်ခြင်း မဖြစ်ချေ။ စုံစမ်းချင်သော အလိုဆန္ဒပင် ဖြစ်ပေါ် လာလေသည်။

ထို့ကြောင့် ခုံထွေးသည် မြစ်၏ တဖက်ကမ်းသို့ ကူး၍ မီးခိုးနှင့် မီးရောင်တို့ အကြောင်းကို စုံစမ်းကြည့်ချင်လာလေသည်။ သို့ရာတွင် မိဘဆွေမျိုးများသည် လှေကိုလည်း မလုပ်တတ်၊ ဖောင်ကိုလည်း မဖွဲ့တတ်၊ လက်မှိုင်ချ၍ နေကြရလေသည်။ ခုံထွေးကား လက်မလျှော့ချေ။ ခုံထွေးက၊ အို မိခင်ဖခင်နှင့် ဆွေညာတကာ အပေါင်းတို့၊ ဝါးလုံး ရှည်ရှည် တလုံးကို ခုတ်ကြပါ။ ကျွန်တော်သည် ထိုဝါးလုံးဖြင့် တဖက်ကမ်းသို့ ရောက်အောင် ကူးပါမည်ဟု ဆိုလေသည်။



ခုံထွေး တဖက်ကမ်းသို့ခုန်ကူးခန်း

ထိုအခါ မိဘဆွေမျိုးများသည် ဝါးလုံးရှည်ရှည် တလုံးကို ခုတ်၍ ပေးကြလေသည်။ ခုံထွေးသည် ကမ်းစပ်တွင် ထိုဝါးလုံးကိုခိုင်မြဲစွာစိုက်လေသည်။ ထို့နောက် ဝါးလုံး၏ အဖျားသို့ တက်လေသည်။ ဝါးလုံး၏ အဖျားပိုင်းသည် ခုံထွေး၏ ကိုယ်အလေးကြောင့် မြစ်၏ တဖက်ကမ်းဆီသို့ ကိုင်းသွားသော အခါ ခုံထွေးသည် မြစ်၏ တဖက်ကမ်းနှင့် နီးကပ် သွားလေသည်။ ထိုအခါ ခုံထွေးသည် ထိုတဖက်ကမ်းသို့ ခုန်၍ ကူးလိုက်လေသည်။

တဖက်ကမ်းသို့ ရောက်သော အခါ ခုံထွေးသည် မီးခိုး ရှိရာသို့ သွားလေသည်။ ထိုနေရာတွင် ဆထုံနတ်မင်းကို တွေ့လေသည်။ မီးတောက် မီးလျှံများကိုလည်း မြင်လေသည်။ ဆထုံနတ်မင်းသည် ခုံထွေးကို ခေါ်၍ မီးလှုံစေလေသည်။ ခုံထွေးသည် နတ်မင်း ဆိုသည့်အတိုင်း မီးတောက် မီးလျှံအနီးသို့ သွား၍ မီးလှုံ ကြည့်လေသည်။ နတ်မင်းက၊ ဟဲ့ ခုံထွေး၊ မနွေးဘူးလားဟု မေးရာ ခုံထွေးက၊ အရှင်နတ်မင်း၊အလွန် နွေးပါသည်။ ကျွန်တော်၏ မိဘ ဆွေမျိုးများသည် တဖက်ကမ်း၌ ကျန်ရစ်ခဲ့ပါသည်။ သူတို့ကိုလည်း မီးလှုံကြည့်စေချင် ပါသည်။ ထို့ကြောင့် ဤမီးကို ကျွန်တော့်အား ပေးပါဟု တောင်းလေသည်။

ထိုအခါ ဆထုံနတ်မင်းက၊ဟဲ့ခုံထွေး၊ အသင်၏ ဆွေမျိုး ဉာတကာထဲမှာ လေလနတ်နှင့် ထူထူဘုတ် ဆိုသောသူ နှစ်ဦး မရှိဘူးလားဟု မေးလေသည်။ ခုံထွေးက ရှိပါ၏ ဖြေလေသည်။ ဆထုံနတ်မင်းက၊ ကောင်းပြီ၊ သူတို့ နှစ်ဦးအား လေခရုပင်မှ သစ်ကိုင်း နှစ်ကိုင်းကို ခုတ်၍ ပေးပါ။ ထို့နောက် ထိုသစ်ကိုင်း နှစ်ကိုင်းကို အပွတ်ခိုင်းပါ။ အသင်

အလိုရှိသော မီးသည် တောက်လာလိမ့်မည်ဟု ပြောလေသည်။ ထို့ပြင် ဆထုံနတ်မင်းက၊ ဟဲ့ ခုံထွေး၊ ရှောဖက်ရွက်ပုံကဲ့သို့ သစ်သားလှေတစင်းကို လုပ်၍ ပြန်ပါလား။ ခေါင်းဖြီးသော ဖီး၏အသွားများကဲ့သို့ ဝါးဖောင်တခုကို ဖွဲ့၍ ပြန်ပါလားဟု ပြောပြန်လေသည်။

ထို့ကြောင့် ခုံထွေးသည် နတ်မင်း သင်ပေးသည့် အတိုင်း သစ်သားလှေကိုလည်း လုပ်သည်။ ဝါးဖောင်ကိုလည်း ဖွဲ့လေသည်။ ထို့နောက် ဆထုံနတ်မင်းကို ကန်တော့၍ မိမိ၏ မိဘဆွေမျိုးများရှိရာ စခန်းသစ်သို့ ပြန်လေသည်။ စခန်းသစ်တွင် နတ်မင်းက သင်ပေးသည့် အတိုင်း မီးမွေး၍ မိဘ ဆွေမျိုးများနှင့် အတူ မီးလှုံကြလေသည်။ ထို့နောက် အချို့က လှေလုပ်၍ အချို့က ဝါးဖောင်ဖွဲ့၍ မြစ်ချောင်း ပေါသော တောင်ဘက်တလွှားသို့ စုန်ဆင်းကြလေသည်။

## ၁၇။ မတရားမှုကို မကြိုက်၍ တိုက်ဖျက်လိုသော ပျူစောထီး

ပုဂံပြည်ကို သမုဒ္ဒရာဇ်မင်း စတင် တည်ထောင်လေသည်။ တည်ထောင်ခါစတွင် ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှူးပျံတို့သည် ပုဂံပြည်သစ်ကို အနှောင့်အရှက် ပေးကြရာ ပုဂံပြည်သားတို့သည် ဆင်းရဲ ပင်ပန်းကြလေသည်။

တရံရောအခါ ဖွေးဖွေးဖြူသော ဥတလုံးသည် ဧရာဝတီ မြစ်တွင် မျော၍ ညောင်ဦးသို့ ရောက်လေ၏။ ထိုအခါ ပျူအို လင်မယားသည် ထိုဥကို ဆယ်၍ တူရွင်းတောင်ခြေရင်း၌ သီတင်းသုံးသော ရသေ့ကြီးအား ပြလေ၏။ ရသေ့ကြီးက ဤဥကား မြတ်သောဥ ဖြစ်သည်။ ဤ




ဥမှ ဖွားမြင်သောသူသည် ဘုန်းပညာနှင့်ပြည့်စုံလတ္တံ့ ဟုဟောလေ၏။ အချိန်စေ့သော အခါ လူသူငယ် ဖွားမြင်လာ၏။ ပျူအို လင်မယား လည်း ထိုလူသူငယ်အား ပျူစောထီးဟု အမည် ပေးလေသည်။ ကြီးပြင်းလာသောအခါ ပျူစောထီးသည် တူရွင်းတောင်ခြေရှိ ရသေ့ကြီး ကျောင်း၌ ပညာသင်ရာ လေးအတတ်ကို အပြီးတိုင် တတ်လေသည်။

အရွယ်ရောက်လတ်သော် ပျူစောထီးသည် ပျူအိုလင်မယား အား ကျွန်တော်သည် လေးမြားကို စမ်းလိုသဖြင့် တောသို့ လှည့်ပတ်

ပါအံ့ဟု ပြော၏။ ထိုအခါ ပျူအိုလင်မယားက ချစ်သား ဤပြည်တွင် အရှေ့အရပ်၌ ရန်သူ ဝက်ကြီး ရှိ၏။ အနောက် အရပ်၌ ရန်သူ ငှက်ကြီး ရှိ၏။ တောင်အရပ်၌ ရန်သူကျားကြီး ရှိ၏။ မြောက်အရပ်၌ ရန်သူ ရှူးပံ့ ရှိ၏။ ချစ်သား မသွားပါလင့်ဟု ဆို၏။

ထိုအခါ ပျူစောထီးက ကျွန်တော်သည် ကျွန်တော်၏ ခွန်အား ဗလကို ယုံကြည်၏။ကျွန်တော် တတ်မြောက်သော လေးမြား အတတ် ကိုလည်း ယုံကြည်၏ဟု ဆို၏။ ပျူအို လင်မယားလည်း ချစ်သား ထိုရန်သူတို့သည် ကြောက်မက်ဖွယ် ကောင်းလှ၏။ ငါတို့၏ ပြည့်ရှင် မင်းကြီးနှင့် ပုဂံပြည်သူ ပြည်သား အပေါင်းတို့သည် ဝက်ကြီးအား ထမင်းအိုး ခြောက်ဆယ်၊ ဖရုံသီး ကိုးလှည်း၊ဖွဲနု ကိုးလှည်း ပေးရသည်။ ငှက်ကြီးအား သမီးကညာ ခုနစ်ဦး ပေးရသည်ဟု ပြောပြလေ၏။

ပျူစောထီးသည် ထိုစကားကို ကြားလျှင် ရန်သူတို့ကို စက်ဆုပ် ရွံရှာ၍ ပြည့်ရှင် မင်းကြီးနှင့် ပုဂံပြည်သူ ပြည်သား အပေါင်းတို့ကို သနား ကြင်နာသော စိတ် ပြင်းပြလာ၏။ ထို့ကြောင့် ပျူစောထီး က အို-အမိနှင့် အဖ၊ ကျွန်တော်သည် မတရားနှိပ်စက် နေကြသော ရန်သူတို့ကို အရှင် မထားလိုပြီ။ ကျွန်တော်၏ လေးအတတ်ဖြင့် ပုဂံ ပြည်ကို ချမ်းသာအောင်ပြုပါအံ့ဟု ခွင့်ပန်လေ၏။ ထို့နောက် ပျူစော ထီးသည် ကျားကြီးရှိရာသို့သွား၍ လေးဖြင့် ခွင်းသတ်လေ၏။ဝက်ကြီး ရှိရာသို့ သွား၍ လေးဖြင့် ခွင်းသတ်လေ၏။ ရှူးပံ့ရှိရာသို့ သွား၍ လေးဖြင့်ခွင်းသတ်လေ၏။ ငှက်ကြီးရှိရာသို့ သွား၍ လေးဖြင့် ခွင်းသတ် လေ၏။

သမုဒ္ဒရာဇ်မင်းသည် ရန်သူတို့ကို ပျူစောထီး သတ်၍ သေကြလေ

ပြီဟု ကြားသောအခါ အလွန် အားရတော်မူ၍ ပျူစောထီး ရှိရာသို့ သွားလေ၏။ ပျူစောထီး လေးဖြင့် ခွင်းသတ်၍ သေလေပြီးကြသော ကျားကောင်၊ ဝက်ကောင်၊ ရှူးပျံကောင်နှင့် ငှက်ကောင် တို့ကို မြင်လေ၏။ မင်းကြီးလည်း ပျူစောထီးကို အမောင်သည် ဘုန်းလက်ရုံး ပညာနှင့် ပြည့်စုံသောသူ ဖြစ်လေသည်ဟု ဆို၍ သမီးတော်နှင့် ထိမ်း မြားတော်မူ၏။ အိမ်ရှေ့မင်းသား အရာကိုလည်း ပေးတော်မူ၏။ နောင်အခါတွင် ပျူစောထီးသည် ပုဂံပြည်၌ မင်းဖြစ်လာလေသည်။

## ၁၈။ ရက်စက်သော စလေ ငခွေးမင်း


အခါ တပါး၌ ပုဂံပြည်တွင် စလေ မင်းခွေး အမည်ရှိသော မင်းသည် နန်းစံလျက် ရှိလေသည်။ ထိုမင်းသည် ပန်းအလှကို ကြိုက်၏။ လိမ်း စရာ နံ့သာကို ချစ်၏။ အဝတ်ကောင်းကို နှစ်သက်၏။ တနေ့လျှင် သုံးကြိမ် သုံးခါ ခေါင်းဖြီးလေ့ရှိ၏။ သို့ရာတွင် အစားကြူး၏။အမျက် စောင်းမာန် ကြီး၏။ အငြိုးလည်း ထားတတ်သည်။

ထိုမင်းသည် ပြည့်ရှင် ဘုရင်မင်းမြတ်ပင် ဖြစ်သော်လည်း မိမိမချစ် ခင်သော သူကို တွေ့လျှင် မချစ်ခင်သည့်အလျောက် ဖမ်း၍ သတ်တတ် လေ၏။ ထို့ပြင် ကောင်းရာသို့ ညွှန်တတ်သော မှူးမတ် ဗိုလ်ပါတို့၏ စကားကို မနာမယူ။ ထိုမှူးမတ်ဗိုလ်ပါမျိုးကိုပင် ရန်ရှာတတ်၏။ ထို့ကြောင့် ထိုမင်းကို ပုဂံပြည်သူ ပြည်သားများကလည်း မကြိုက် ကြချေ။ မှူးမတ် ဗိုလ်ပါတို့ကလည်း မကြိုက်ကြချေ။

ထိုမင်းသည် ပုဂံပြည်၌ နှစ်ဆယ့်ငါးနှစ်မျှ နန်းစံ၏။ သို့ရာတွင်

ပုဂံပြည် တပြည်လုံးသည် တထိတ်ထိတ် တလန့်လန့်နှင့်သာ နေကြရလေသည်။ ပုဂံ ပြည်သူ ပြည်သား များသည် ထိုမင်းကို မြင်လျှင် ကြောက်ရွံ့သဖြင့် လက်အုပ်ချီ၍ ရှိခိုး ကြပါ၏။ သို့ရာတွင် ဝမ်းထဲ၌ကား မေတ္တာမဲ့လျက်သာ ရှိကြ၏။ ပုဂံ မှူးမတ် ဗိုလ်ပါတို့သည်လည်း ထိုမင်းကို မြင်လျှင် ကြောက်ရွံ့သဖြင့် ပြားပြားဝပ်၍ ခစားကြပါ၏။ သို့ရာတွင် ဝမ်းထဲ၌ကား ရွံမုန်းလျက်သာ ရှိကြ၏။

စလေ ငခွေးမင်းသည် ဆင်ကို ကကြိုးတန်ဆာ ဆင်ပြီးလျှင်



ရက်စက်သော ငခွေးမင်း ဆင်ပေါ်မှကျခန်း

ဆင်စီး၍ ရေကန်ဝယ် ရေကစားလေ့ ရှိလေသည်။ တနေ့သ၌ မှူးမတ် ဗိုလ်ပါတို့သည် မင်းကြီး၏ ဆင်ကဲကိုခေါ်၍ အမောင်ဆင်ကဲ၊ စလေ ငခွေးမင်းသည် အစားကြူး၏။ စောင်းမာန်ကြီး၏။ အငြိုးထားတတ် ၏။ ပြည့်ရှင် ဘုရင်မင်းမြတ်ဖြစ်ပါလျက် မိမိ မချစ်ခင်သူကို မချစ်ခင် သည့်အလျောက် ဖမ်း၍ သတ်တတ်၏။ ထိုသို့သောမင်းသည် ငါတို့၏ ပြည်နှင့် ပြည်သူ ပြည်သားများအား ကောင်းကျိုး ချမ်းသာကို ပေးနိုင်သော မင်း မဟုတ်ချေ။ ထိုမင်း မရှိလျှင် ကောင်းလေစွဟု ညည်းညူ ကြလေသည်။

ဆင်ကဲကလည်း၊ အမတ်ကြီးတို့၊ အကျွန်ုပ်သည်လည်း ထိုမင်းကို ကြောက်ရွံ့ခြင်းသာ ရှိပါသည်။ ချစ်ခင်ခြင်း မရှိပါ။ ထိုမင်းသည် ပုဂံ ထီးနန်း၌ စံနေသမျှ ကာလပတ်လုံး ပုဂံပြည်သည် ချမ်းသာယာမည် မဟုတ်ပါဟု ပြန်ပြောလေ၏။ ထိုအခါ မှူးမတ်ဗိုလ်ပါတို့က စလေ ငခွေးမင်းသည် မိမိ၏ အလိုအလျောက် ပုဂံထီးနန်းမှ ဆင်းမည် မဟုတ်ချေ။ ဆင်းစေလိုသော် မင်းကြီး ဆင်စီး၍ ရေကန်ဝယ် ရေ ကစားစဉ် ဆင်ကကြိုးကို ဖြတ်ခဲလေလော့။ ဆင်ကကြိုး ပြတ်၍ ဆင် ပေါ်မှ မင်းကြီး ကျလျှင် ပုဂံထီးနန်းမှ မင်းကြီးကျသည် မည်၏ဟု ဆိုလေသည်။

အခါတပါး၌ စလေငခွေးမင်းသည် မှူးမတ်ဗိုလ်ပါတို့ကို ခေါ်၍၊ -ဟယ်-အမတ်တို့၊ ငါသည် ဆင်စီး၍ ရေကန်ဝယ် ရေကစားထွက်မည်။ ငါ၏ နောက်သို့ လိုက်ခဲ့ကြကုန်လော့ဟု မိန့်တော်မူ၏။ တဖန် ဆင်ကဲ ကို ခေါ်၍ ဟယ်-ဆင်ကဲ၊ ငါသည် ဆင်စီး၍ ရေကန်ဝယ် ရေကစား ထွက်မည်။ ငါ၏ ဆင်ကို လှပစွာ တန်ဆာဆင်လော့။ ငါထိုင်မည့်

ဆင်ကကိုလည်း ဆင်၏ ကျောကုန်း၌ တင်လော့ဟု မိန့်တော်မူ၏။

ဆင်ကဲလည်း ဆင် တင်းကုပ်သို့ သွား၍ ဆင်ကို တန်ဆာဆင်လေ၏။ ထို့နောက် ဆင်ကကို ဆင်၏ ကျောကုန်း၌ တင်၏။ ထို့နောက် ဆင်ကသည် ကျောကုန်းထက်မှ လည် မကျနိုင်အောင် ဆင်ကကြိုးကို ဆင်၏ ဝမ်းပိုက်၌ ပတ်၍ ချည်၏။ ထိုသို့ ချည်နေစဉ် ဆင်ကဲသည် မှူးမတ် ဗိုလ်ပါတို့၏ စကားကို ကြားယောင်ယောင် ရှိလာ၏။ မင်းကြီး၏ စောင်းမာန်ကြီးသော အမူအရာ၊ အငြိုးထားတတ်သော အမူအရာတို့ကိုလည်း မြင်ယောင်ယောင် ရှိလာ၏။ ထို့ကြောင့် မင်းကြီး ရေကစားနေစဉ် အဘွင်းဝယ် မင်းကြီးထိုင်သော ဆင်ကသည် ဆင်၏ကျောကုန်းထက်မှ လည််၍ ကျစေလိုသဖြင့် ဆင်ကကြိုးကို အခါတိုင်း ကဲ့သို့ ခိုင်မြဲစွာ မချည်ဘဲ ထားလေ၏။

ဆင်ကို ဆင်ကနှင့် တကွ တန်ဆာ ဆင်ပြီးသောအခါ မင်းကြီးသည် ဆင်က၌ ထိုင်၍ ရေကန်သို့ထွက်လေ၏။ မှူးမတ်ဗိုလ်ပါတို့လည်း မင်းကြီး၏ ဆင်နောက်မှ လိုက်ကြလေ၏။ ရေကန်သို့ ရောက်၍ မင်းကြီးသည် ဆင်စီးလျက်ရေကစားသောအခါ ဆင်ကကြိုးသည်ပြတ်လေ၏။ထိုအခါ ဆင်ကသည် လည််၍ ရွှံ့ညွန်ထဲသို့ကျလေ၏။ မင်းကြီးလည်း ဆင်ကနှင့် တကွ ရွှံ့ညွန်ထဲသို့ပင် ကျလေ၏။ ထိုအခါ မှူးမတ်ဗိုလ်ပါတို့လည်း ရွှံ့ညွန်ဖြင့် စလေငွေးမင်းကို ပစ်ကြရာ စလေငွေးမင်း လွန့်၍ ပုဂံဘိနန်းမှ ကျသေသည်။ ထို့နောက် မှူးမတ်ဗိုလ်ပါတို့သည် ထိုမင်း၏သားတော်ဖြစ်သော သိန်းခို မင်းသားကို မင်းမြှောက်ကြလေသည်။ ။

## ၁၉။ ပြည်သူအများက ချစ်ခင်လိုလားသော ကြောင်းဖြူမင်း

ပုဂံပြည်၌ ညောင်ဦး စော ရဟန်းမင်း နန်းစံစဉ် ကြောင်းဖြူဟု ခေါ်သော အရပ်၌ သား အမိ နှစ်ဦး ရှိလေသည်။ တနေ့သ၌ သားငယ်သည် မိမိ၏ အဖော်များနှင့် ကစားလေ၏။ ထိုအခါ အဖော်များသည် ကစားတိုင်း ရှုံးဖန်များလတ်သော် ထိုသားငယ်အပေါ်၌ အငြိုးထား၍ ဟယ်-အဖမဲ့သားဟု ဆဲရေး ကြလေ၏။

သားငယ်လည်း အိမ်သို့ ပြန်လာ၍၊ မိခင်- ကစားဖော်များသည် ကျွန်တော်အား အဖမဲ့သားဟု ဆဲရေးကြသည်။ အသို့နည်းဟု မိခင်ကို မေးလေ၏။ မိခင်လည်း မျက်နှာညှိုးငယ်၍၊ သားမွန်၊ သင်၏ အဖသည် ဤပုဂံပြည်ကြီးကို အုပ်စိုးခဲ့သော မင်းဖြစ်သည်။ ယခု နန်းစံလျက်ရှိသော ညောင်ဦး စော ရဟန်းမင်းသည် သင်၏ အဖကိုသတ်၍ နန်းတက်သောအခါ ငါ မိခင်သည် သားမွန်ကို ဝမ်းတွင် ပဋိသန္ဓေနှင့် ရှောင်ရှား လာရ၏။ ထို့နောက် ဤကြောင်းဖြူအရပ်သို့ ရောက်လာ၍ သားမွန်ကို ဖွားမြင်ခဲ့သည်။ ငါတို့ သားအမိသည် ယခုအခါတွင် မထင်မရှား နေထိုင်ကြမှသာ အသက် ချမ်းသာရာ ရချိမ့်မည် ဟု ပြောလေ၏။

သားငယ်လည်း မိခင်အား ကောင်းပါပြီ၊ မိခင်။ ကျွန်တော်တို့ သားအမိသည် မထင်မရှား နေကြကုန်အံ့ဟု ကတိပေးလေ၏။ ထိုအခါမှ စ၍ သားငယ်သည် မိခင်ကို ရှေးအခါကထက်ပို၍ သနားကာ မိခင်၏ စကားကို နားထောင်၏။ အရွယ်ရောက်လတ်သော် ညောင်ဦး



ကြောင်းဖြူလုလင်မြင်းစီးခန်း

စော ရဟန်းမင်းထံ၌ အမှုထမ်း၍ မိခင်ကိုသိမ်မွေ့စွာ လုပ်ကျွေး၏။ ကြောင်းဖြူ အရပ်သားတို့သည် ထိုအခြင်းအရာကို မြင်သောအခါ ကြောင်းဖြူ လုလင်ကို ချစ်ခင်ကြလေသည်။

ထိုမျှသာ မကသေး။ ကြောင်းဖြူ လုလင်သည် ရတနာ သုံးပါးကိုလည်း ကြည်ညို၏။ အကျင့် သီလနှင့်လည်း ပြည့်စုံ၏။ ဉာဏ်ပညာလည်း ကြီး၏။ အမှုဆောင်ရွက်ရာ၌လည်း လိမ္မာ၏။ ချစ်ဖွယ်သော စကားကိုလည်း ဆိုတတ်၏။ ထို့ကြောင့် ကြောင်းဖြူအရပ်သားတို့က

သာမက၊ ပုဂံပြည်သူ ပြည်သားနှင့် မှူးမတ်တို့ကလည်း ကြောင်းဖြူ လုလင်ကို ချစ်ခင် လာကြလေသည်။

အခါတပါး၌ ညောင်ဦး စော ရဟန်းမင်းသည် ဥယျာဉ်ကြီးစွာ ပြုပြီးလျှင် နဂါးရုပ်များကို ထုလုပ်စေ၍ ထိုနဂါးရုပ်များကို ကိုးကွယ်၏။ ည နံနက် ထမင်း ဟင်း အရက်တို့ကို တင်၍ ပူဇော်၏။ ထိုအခါ ပုဂံပြည်သားတို့သည် မင်း၏ မလျော်သော အမူအရာကို ရှုံ့မုန်းလာကြကုန်၏။

တဖန် ညောင်ဦးစောရဟန်းမင်းသည် အယူမှားသော ရှင်အရည်းများကိုလည်း အထူးအရေးပေးကာ ကိုးကွယ်ပြန်၏။ ထိုအခါ များစွာသော မှူးမတ်တို့သည် မင်း၏ မလျော်သော အမူအရာကို ရှုံ့မုန်းလာကြကုန်၏။ ဤသို့ဖြင့် ညောင်ဦး စော ရဟန်းမင်းကို ရှုံ့မုန်း၍ မင်းကောင်း မင်းသစ်ကို တောင့်တသောသူတို့သည် များပြားလာကြလေ၏။

တနေ့သ၌ ပုဂံပြည်တွင် မင်းလောင်းပေါ်မည်။ မင်းလောင်းရောက်လာတော့မည်။ မင်းလောင်းကို ဖူးမျှော်ကြကုန်အံ့။ ပူဇော်ကြကုန်အံ့ဟု အုတ်အုတ်ကျက်ကျက် ဖြစ်၍၊ မှူးမတ်များနှင့် ပုဂံပြည်သူ ပြည်သားတို့သည် တူရွင်းတောင်ဆီသို့ အပြေးအလွှား သွားကြလေသည်။

ကြောင်းဖြူ လုလင်လည်း မင်းလောင်းကို ငါသည် ကြည့်အံ့ဟု ကြံ၍ အိမ်မှ ထွက်လေ၏။ ထိုအခါ ကြောင်းဖြူလုလင် သားအမိ၏ ရှေးက အဖြစ်အပျက်ကိုသိသော အဖိုးအိုတယောက်သည် ကြောင်းဖြူလုလင် လာသောလမ်း၌ ရပ်လျက်၊ အမောင် လုလင်၊ ငါစီးသော

မြင်းကို ပုဂံပြည်သို့ ဆောင်ယူပါလေဟု ပြော၏။ ထိုအခါ ကြောင်းဖြူ လုလင်က၊အဖိုး၏မြင်းကို မဆောင်နိုင်ပါ။ အကျွန်ုပ်သည် မင်းလောင်းကို ကြည့်မိအောင် သွားရပါမည်ဟု ပြန်ပြောလေ၏။ မြင်းရှင် အဖိုးအိုကလည်း၊ အမောင်လုလင်၊ ခြေကျင်သွားသည်ထက် မြင်းနှင့် သွားသော် ခရီး မမြန်ပါလော။ ဤမြင်းကိုစီးပါလေ။ ဤ မကိုဋ်ကို ဆောင်းပါလေ။ ဤပတ္တမြား လက်စွပ်ကိုဝတ်ပါလေ။ ဤလှံ ဤထား တို့ကို စွဲကိုင်ပါလေ။ ထို့နောက် မင်းရင်ပြင်သို့ အရောက်သွားပါလေ ဟုဆို၏။


ကြောင်းဖြူလုလင်လည်း အဖိုးအိုပေးသော မြင်းကို စီး၏။ မကိုဋ် ကို ဆောင်း၏။ ပတ္တမြား လက်စွပ်ကို ဝတ်၏။ လှံ ထားတို့ကို စွဲကိုင်၏။ ထို့နောက် မင်းလောင်းကို ကြည့်မိအောင် မြင်းကို အပြင်းနှင်လေ၏။ မင်းလောင်းကို ကြည့်ရန် စုရုံးနေကြသော မှူးမတ်များနှင့် ပြည်သူ အပေါင်းတို့သည် ကြောင်းဖြူလုလင် မြင်းစီးလာသည်ကိုငင်း၊ နေလု လင်ကဲ့သို့ အရောင်အဝါ တောက်ပလျက်နေသည်ကိုငင်း မြင်ကြသော အခါ ဤသူကား ဘုန်းကြီးသော အရှင်ဖြစ်ပေသည်ဟု ဆို၍၊ ကြောင်း ဖြူ လုလင်ကို ဦးတိုက် ရှိခိုးကြလေသည်။ ကြောင်းဖြူ လုလင်သည် လည်း မင်းရင်ပြင်သို့ မြင်းစီး၍ ဝင်လေသည်။

ထိုအခိုက်၌ ညောင်ဦးစော ရဟန်းမင်းသည် ငါရှိပါလျက် အဘယ် သူသည် မင်းပြုအံ့နည်းဟု နန်းဦး၌ ရပ်၍ ဆိုစဉ်ပင် နန်းဦးမှ ဦးစောက် ကျ၍ အသက်ဆုံးလေသည်။ ကြောင်းဖြူ လုလင်လည်း ပုဂံမှူးမတ်များ နှင့် ပြည်သူတို့၏ ဆန္ဒအတိုင်း မင်းအဖြစ်ကို ခံယူ၍ အဖကဲ့သို့ပင် ပုဂံပြည်ကို အုပ်စိုးလေသည်။

## ၂၀။ အနော်ရထာမင်း၏ သူရဲကောင်း လေးဦး

ပုဂံပြည်၌ အနော်ရထာမင်း နန်းစံစဉ် ထိုမင်း၌ သူရဲကောင်း လေးဦး ရှိလေသည်။ ထိုသူတို့သည် ကျန်စစ်သား၊ ငထွေးရူး၊ လုံးလက်ဖယ်၊ ညောင်ဦးဖီးတို့ ဖြစ်လေသည်။

ကျန်စစ်သားသည် အနော်ရထာမင်း၏ သားတော်ဖြစ်လေသည်။



ခမည်းတော် အနော်ရထာမင်း၏ အထင်မှားမှုကြောင့် ကျန်စစ်သား သည် ငယ်ရွယ်စဉ်ကသော် ပရိမ္မအရပ်၌ မယ်တော်နှင့် အတူ မထင် မရှား နေထိုင်ရလေသည်။ ထိုအခါ မယ်တော်သည် ကျန်စစ်သားကို ဆရာရဟန်းထံ၌ အပ်နှံ၍ ပညာသင်စေလေသည်။ ပညာသင်ခိုက် တွင် ရဟန်းဝတ်၍နေလေသည်။ ကျန်စစ်သားသည် ဉာဏ်ပညာလည်း ကြီးသည်။ လုံ့လဝီရိယနှင့်လည်း ပြည့်စုံသည်။ တိုင်းသူ ပြည်သား များကို ရင်ဝယ် သားကဲ့သို့လည်း ချစ်ခင်တတ်လေသည်။ အရွယ် ရောက်သော အခါကျမှသာ၊ လူဝတ်လဲ၍ ခမည်းတော် အနော် ရထာမင်း၏ အပါးတော်ဝယ် ခစားခွင့် ရလေသည်။

ငထွေးရူးသည် မြင်းမူ အရပ်သားဖြစ်လေသည်။ လက်ရုံးဘက်၌ ထူးချွန်သူ ဖြစ်လေသည်။ မြင်းမူ အရပ်၌ နေထိုင်စဉ် ငထွေးရူးသည် ထန်းပင် တထောင်ကို မရပ်မနားဘဲ တက်တုံ၊ သက်တုံပြုကာ ထန်းသီး များကို လှီးနိုင်သည်။ အနော်ရထာမင်းသည် ငထွေးရူးခွန်အားဗလ ကြီးကြောင်းကို ကြားသော အခါ ငထွေးရူးကို ပုဂံသို့ ခေါ်၍ နန်း တော်၌ အမှုထမ်းစေသည်။

ငလုံးလက်ဖယ်သည် ပုပ္ပါးအရပ်သား ဖြစ်လေသည်။ ငထွေးရူးကဲ့ သို့ပင် လက်ရုံးဘက်၌ ထူးချွန်သူ ဖြစ်လေသည်။ ပုပ္ပါးအရပ်၌နေထိုင် စဉ် နွားအရှဉ်းသုံးဆယ်ကို ထွန်၌ ကစေ၍ လယ်ထွန်နိုင်သည်။အနော် ရထာမင်းသည်ငလုံးလက်ဖယ်ခွန်အားဗလကြီးကြောင်းကိုကြားသော အခါ ငလုံးလက်ဖယ်ကို ပုဂံသို့ခေါ်၍ နန်းတော်၌ အမှုထမ်းစေသည်။

ညောင်ဦးဖီးသည် ညောင်ဦးအရပ်သား ဖြစ်လေသည်။ငထွေးရူး၊ ငလုံးလက်ဖယ်တို့ ကဲ့သို့ပင် လက်ရုံး၌ ထူးချွန်သူ ဖြစ်လေသည်။

ညောင်ဦးအရပ်၌နေထိုင်စဉ် ညောင်ဦးကမ်းပါးမြင့်မှပြေးဆင်း၍ ဧရာဝတီမြစ်ကိုဖြတ်ကာ တဖက်ကမ်းသို့ ရောက်အောင်ကူး၏။ ထို့နောက် မရပ် မနားဘဲ ထိုတဖက်ကမ်းမှ ညောင်ဦးကမ်းပါးသို့ ရောက်အောင် ကူး၍ ကမ်းပါးမြင့်ကို ပြေးတက်နိုင်လေသည်။ အနော်ရထာမင်းသည် ညောင်ဦးဖီး ခွန်အားဗလကြီးကြောင်းကို ကြားသောအခါ ညောင်ဦးဖီးအား ပုဂံသို့ ခေါ်၍ နန်းတော်၌ အမှုထမ်းစေသည်။

နောင်အခါတွင် ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့သည် ပုဂံတပ်မတော်တွင် သူရဲကောင်း စစ်သူကြီး လေးဦး ဖြစ်လာကြလေသည်။

## လေ့ကျင့်ခန်းများ

၁

၁။ ရသေ့ညီနောင် အကြောင်းကို ပြန်ပြောပါ။
၂။ သုဝဏ္ဏဘူမိပြည်ဟု အဘယ့်ကြောင့် ခေါ်သနည်း။

၂

၃။ ဂဝံပတိ ရဟန္တာသည် မည်သည့်ဒေသမှ ကြွလာသနည်း။ ဂဝံပတိ ဟောပြသောတရားကို နာကြရသောအခါ မင်းနှင့်တကွ မှူးမတ် ပြည်သူအပေါင်းတို့သည် အဘယ်ကို ကိုးကွယ်၍ အဘယ်သီလတို့ကို မြဲကြပါသနည်း။

၃

၄။ သမလ နှင့် ဝိမလတို့သည် မည်သည့်ပြည်မှ လာကြသနည်း။ မည်သည့် ပြည်သစ်ကို တည်ထောင်သနည်း။

၄

၅။ ရွှေဖရုံမယ် မိဖုရားကို အဘယ့်ကြောင့် ရွှေဖရုံမယ်ဟု ခေါ်ပါသနည်း။ ရွှေဖရုံမယ် မိဖုရား၏ သားကို မည်သူက မွေးစားပါသနည်း။
၆။ ဟံသာဝတီ အမတ်တို့က လာ၍ ခေါ်သောအခါ ရွှေဖရုံမယ်

မိဖုရား၏သားသည် မည်သို့ ပြန်ပြောပါသနည်း။ ထိုသားသည် မည်သူ့ကို နိုင်အောင် တိုက်နိုင်သနည်း။

၅

၇။ ဟံသာဝတီ ပဲခူးပြည်၌ တိဿရာဇာ မင်းသည် အဘယ်ကို တား မြစ်ထားပါသနည်း။ အဘယ့်ကြောင့်နည်း။
၈။ ဘဒ္ဒရဒေဝီသည် မည်ကဲ့သို့သော အမျိုးသမီး ပေနည်း။

၆

၉။ ဥက္ကလာပ ပြည်ကို အဘယ်အရပ်မှာ တည်သနည်း။

၇

၁၀။ ညောဝတီမင်းသည် မိမိ၏ သားတော်ကို စန္ဒသူရိယဟု အဘယ့် ကြောင့် အမည်ပေးသနည်း။

၈

၁၁။ ထိုမဲပါနှင့် တပည့်သားမြေးတို့သည် အဘယ့်ကြောင့် နေရာ ပြောင်းကြသနည်း။ တပည့်သားမြေးတို့သည် မည်သည့် အရပ် ၌ စခန်း ချကြသနည်း။

၉

၁၂။ အရှင် ဗုဒ္ဓဃောသ မထေရ်သည် မည်သည့် ကျွန်းသို့ သွားပါ

သနည်း။ သထုံပြည်သို့ မည်သည့် အရာကို ယူဆောင်ခဲ့ပါသနည်း။

၁၀

၁၃။ ယောက်ဖတော် အိမ်ရှေ့မင်းသည် မည်သည့် ပြည်မှ ဆင်းလာ၍ မည်သည့် အရပ်၌ နေပါသနည်း။
၁၄။ ရသေ့ကြီးသည် မဟာသမ္မတနှင့် ဘေဒါရီတို့ကို စုံဖက်ပေးပြီး နောက် ရသေ့မြို့၏ပတ်ဝန်းကျင်၌မည်သို့ ဖြစ်ပျက်လာသနည်း။ ရသေ့မြို့အရပ်၌ မည်သည့် မင်းသည် မည်သည့်ပြည်ကို တည် ထောင်ပါသနည်း။

၁၁

၁၅။ သရေခေတ္တရာပြည်က ဆရာရဟန်းသည် မိမိ၏ တပည့်ဖြစ်သူ မောင်ရှင်ငယ်အား မည်သို့ ဆုံးမပါသနည်း။
၁၆။ မောင်ရှင်ငယ်သည် သရေခေတ္တရာပြည်တွင် အဘယ်အကြောင်း များကြောင့် တေပါးမင်း ဖြစ်လာသနည်း။

၁၂

၁၇။ မောမြစ်ဝှမ်းဒေသကို မြန်မာနိုင်ငံ မြေပုံ၌ ရှာကြည့်ပါ။ ထိုဒေသ၌ မည်သည့် လူမျိုးများ နေထိုင်ကြသနည်း။
၁၈။ “ခွန်ထွန်းခမ်း” သည် မည်သည့်ဘာသာစကားနည်း။ ခွန်ထွန်း ခမ်း အကြောင်းကို ပြောပြပါ။

၁၃

၁၉။ တနင်္သာရီ မြစ်ဝှမ်းဒေသကို မြန်မာနိုင်ငံ မြေပုံ၌ ရှာကြည့်ပါ။ ထိုဒေသ၌ မည်သည့် အပင်၊ မည်သည့်အသီး မည်သည့် သတ္တုရတနာများ ရှိပါသနည်း။

၁၄

၂၀။ မိုးကုတ်မြို့နှင့် မိုးကောင်းနယ်တို့ကို မြန်မာနိုင်ငံ မြေပုံ၌ ရှာကြည့်ပါ။ ထိုအရပ်များ၌ မည်သည့် ကျောက်မျက်ရတနာများ ထွက်သနည်း။

၁၅

၂၁။ မြန်မာ ရွာသားများသည် အဘယ့်ကြောင့် လယ်ထွန်နိုင်ကြသနည်း။ ချင်းရွာသားများသည် အဘယ့်ကြောင့် တောအနှံ့၊ တောင်အနှံ့ လှည့်လည်နိုင်ကြသနည်း။ ချင်းတောင်များကို မြန်မာနိုင်ငံမြေပုံ၌ ကြည့်ပါ။

၁၆

၂၂။ ခိုငှက်နှင့် မိဘဆွေမျိုးများသည် မည်သည့် အရပ်မှ မည်သည့် အရပ်သို့ ပြောင်းကြသနည်း။
၂၃။ ခိုငှက်သည် မြစ်တဖက်သို့ မည်သို့ ခုန်ကူးသနည်း။ မီးကို မည်သို့ မွေးသနည်း။

၁၇

၂၄။ ဝက်ကြီးနှင့် ငှက်ကြီးတို့သည် ပုဂံပြည်သူ ပြည်သားများအား မည်သို့ နှိပ်စက်ကြသနည်း။
၂၅။ ဝက်ကြီး ငှက်ကြီးတို့၏ နှိပ်စက်ပုံကို ကြားသောအခါ ပျူ စောထီး၏ စိတ်၌ မည်သို့ဖြစ်သနည်း။

၁၈

၂၆။ စလေ ငခွေး မင်းသည် မည်ကဲ့သို့သော မင်းပေနည်း။
၂၇။ မှူးမတ် ဗိုလ်ပါတို့သည် ဆင်ကဲအား အဘယ်စကားကို ပြောကြသနည်း။

၁၉

၂၈။ ပုဂံပြည်သူပြည်သားများနှင့်မှူးမတ်တို့သည်ကြောင်းဖြူလုလင်ကို အဘယ်အကြောင်းများကြောင့် ချစ်ခင် လိုလားကြပါသနည်း။
၂၉။ ကြောင်းဖြူလုလင်သည် မင်းရင်ပြင်သို့ မြင်းစီး၍ သွားသော အခါ မည်သည့် အဆင်တန်ဆာများကို ဝတ်ဆင်ထားပါသနည်း။

၂၀

၃၀။ အနော်ရထာမင်းသည် ကျန်စစ်သား၊ ငထွေးရူး၊ လုံးလက်ဖယ်၊ ညောင်ဦးဖီးတို့ကို အဘယ်ကြောင့် မိမိ၏ နန်းတော်၌ အမှုထမ်း စေသနည်း။